# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဒီဇင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၅၈)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၂၆-၁-၂၀၂၅၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။)

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာအောင် အလေးအနက်ထားဆောင်ရွက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊

စာမျက်နှာ ၃ သို့




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၅

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရည်မှန်းချက်များ ပြည့်မီအောင် စနစ်တကျ ဆောင်ရွက်လျက်ရှိ

ခံတွင်းကျန်းမာနေစေရန် ဆောင်ရွက်ရမည့်အချက်အလက်များကိုသတိထားပြီး ကျန်းမာစွာ နေထိုင်မှုဘဝပုံစံဖြင့် နေထိုင်နိုင်ရန်၊ ပြည်သူများသက်တမ်းစေ့နေနိုင်ရေးအတွက် သက်ကြီးရွယ်အိုများအား သွားတု(အံကပ်)များ တပ်ဆင်ပေးခြင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ခေတ်မီနည်းပညာစနစ်သုံး သွားဘက်ဆိုင်ရာဆေးပညာ (Digital Dentistry)ဖြင့် ကုသမှုများကို ပြည်သူများ လက်လှမ်းမီစေရန် ဘွဲ့လွန်သင်တန်းသားများ၊ သွားနှင့်ခံတွင်း ဆရာဝန်များ၊ သွားဘက်ဆိုင်ရာသူနာပြု၊ သွားဘက်ဆိုင်ရာအကူသူနာပြု၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင် (သွားတု)တို့ တိုးချဲ့မွေးထုတ်ပြီး ပြည်သူများအား သွားနှင့် ခံတွင်းရောဂါကုသပေးခြင်း ဝန်ဆောင်မှုတို့ကို သင်ကြားရေးဆေးရုံများနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ပိုမိုဆောင်ရွက်ကြရန်လိုကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက် အသိပေးခြင်း အခမ်းအနား၌ ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်များ ပြည့်မီအောင် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကျေးလက်ဒေသများအထိ ပဏာမသွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန်၊ ခေတ်မီသွားဘက်ဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခံတွင်းကင်ဆာရောဂါဖြစ်ပွားမှုများ လျော့နည်းသွားစေရန် ကြိုတင်စစ်ဆေးခြင်းနှင့် ရောဂါကို စောစီးစွာ စစ်ဆေးတွေ့ရှိနိုင်ရေးသည် အလွန်ပင်အရေးပါကြောင်း ပြောကြားသည်။

ကုသရေးဦးစီးဌာန ပါမောက္ခ ဒေါက်တာ မိုးသီတာထွေးက မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုစီမံချက် (၂၀၂၅-၂၀၃၀)ပါ အချက်အလက်များကို ရှင်းလင်းပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းလက်လှမ်းမီသော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရည်မှန်းချက်များ ပြည့်မီရေး (၂၀၃၀)တွင် အပြီးသတ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်



**ပျော်ဘွယ် ဇန်နဝါရီ ၂၅**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း (ရုံးချုပ်)၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအား အကောင်အထည်ဖော်ရန် အမျိုးအမီးများအတွက် မိသားစုဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းအတွက် စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ထူးချွန်သင်တန်းသား(၅)ဦးအား လမ်းညွှန်ချက်များနှင့် အညီ ရွေးချယ်ပြီး လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ပျော်ဘွယ်မြို့နယ်၊ မင်းလှသာစည်ကျေးရွာ၌ ယမန်နေ့ မွန်းလွဲ ၂နာရီက ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမိုလ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းမှာ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးရွာများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်ပြီး သင်တန်းဆင်းများ လုပ်ငန်းစတင်ထူထောင်နိုင်ရန်အတွက် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ညွှန်ကြားရေးမှူးက ထူးချွန်သင်တန်းသား ၅ဦးအား ငွေကျပ် ၁၄သိန်း တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူးက သင်တန်းသား ၁၅ ဦးကိုယ်စား သင်တန်းသူ ၃ ဦးအားလည်းကောင်း၊ မင်းလှသာစည်ကျေးရွာအုပ်ချုပ်ရေးမှူးက သင်တန်းသူ ၃ဦးအား လည်းကောင်း၊ ရမည်းသင်းခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းသူ ၃ ဦးအားလည်းကောင်း အသီးသီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းသူများကိုယ်စား သင်တန်းသူ ၁ ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ၂ နာရီ ၄၅ မိနစ်တွင် ပိတ်သိမ်းကာ ညွှန်ကြားရေးမှူးနှင့် တက်ရောက်လာသော ဌာနဆိုင်ရာများမှ လုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၂)**

# ကျောက်ဆည်မြို့နယ်တွင် ဓာတ်မြေသြဇာ စုပေါင်းရောင်းချပွဲ ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက နွေးစပါးနှင့်နွေနှမ်းစိုက်တောင်သူများအား ဓာတ်မြေသြဇာ စုပေါင်းရောင်းချပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်အောင်က နိုင်ငံတော်မှ ယူရီးယားဓာတ်မြေသြဇာများကို ဈေးနှုန်းသက်သာစွာရောင်းချပေးခြင်းဖြင့် (၁)ဧကသီးနှံအထွက်နှုန်း တိုးတက်လာစေရန်၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ့စီးပွားရန်ပုံငွေများ ထူထောင်နိုင်ရန်နှင့် တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဓာတ်မြေသြဇာများ ရောင်းချပေးရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားခဲ့ပြီး ကျေးရွာအုပ်စု(၇)အုပ်စုမှ နွေးစပါးနှင့် နွေနှမ်းစိုက်တောင်သူများအား ယူရီယားဓာတ်မြေသြဇာများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဓာတ်မြေသြဇာသယ်ယူဖြန့်ဖြူးရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု(၇)အုပ်စုမှ နွေစပါးနှင့် နွေးနှမ်းစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**သက်မောင်(ကျောက်ဆည်)**

# မီးဘေးအန္တရာယ်ကင်းဝေးစေရန် မီးသတိမူရေး လှည့်လည်စစ်ဆေး

**ရေနံချောင်း ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ရေနံချောင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ(အပတ်စဉ်) မီးသတိမူရေးလှည့်လည်ဆော်သြခြင်း၊ စစ်ဆေးခြင်းအား ရပ်ကွက်နှင့် ကျေးရွာများအတွင်း ဇန်နဝါရီ ၂၃ရက် ညနေပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထို့သို့ဆောင်ရွက်ရာတွင် ရေနံချောင်းမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကြည်စိုးဟန် ဦးဆောင်မှုဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့်ရေနံချောင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများနှင့် ပူးပေါင်း၍ ရပ်ကွက်များနှင့်ကျေးရွာများသို့ လိုက်လံနှိုးဆော်ဆောင်ရွက်ခဲ့သည်။

၄င်းအပြင် မီးဘေးကြိုတင်ကာကွယ်နိုင်ရေး ရပ်ကွက်များရှိ ပွဲရုံများကို မီးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)(၄၇၂)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့က ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

✪ ရှေ့ဖုံးမှ

တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲ အခမ်းအနား ကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ရေးအဖွဲ့နာယက၊ လူမျိုးပေါင်းစုံညီညွတ်ရေးအဖွဲ့ အကျိုးဆောင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ၊ ယူနန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ၊ ဟုတ်ကြန့်(ဖူကင်)တရုတ်အမျိုးသားအသင်းဥက္ကဋ္ဌ၊ တရုတ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများက ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့အား ခြင်္သေ့ရှစ်ကောင်က မင်္ဂလာ ဂါရဝပြုကြိုဆိုကြပြီး တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ် ပဝါများဖြင့် ဂါရဝပြုသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြွေနဂါး တရုတ်နှစ်သစ်ကူးပွဲတော်ကို စတင်ကျင်းပရာရှောင်လင်ဘုန်းတော်ကြီး တစ်ပါးက နှစ်သစ်ကူးဆုတောင်းစကားနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲစေကြောင်း ဆုတောင်းစကား ပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ရှောင်လင်ကွန်ဖူး သရုပ်ပြသခြင်းများကို ကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ရေးအဖွဲ့နာယက၊ လူမျိုးပေါင်းစုံညီညွတ်ရေးအဖွဲ့အကျိုးဆောင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ၊ ယူနန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ၊ ဟုတ်ကြန့်(ဖူကင်)တရုတ်အမျိုးသားအသင်းဥက္ကဋ္ဌ၊ တရုတ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများက ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရှောင်လင်ဘုန်းတော်ကြီးများထံ ဗုဒ္ဓရုပ်ပွားတော်များနှင့် သစ်သီးခြင်းအား ဆက်ကပ်လှူဒါန်းပြီး ရှောင်လင်ဘုန်းတော်ကြီးများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား အမှတ်တရလက်ဆောင်များပြန်လည်ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်အသင်းအဖွဲ့များ၊ ရှောင်လင်ဘုန်းတော်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၄ သို့ »»

»»» စာမျက်နှာ ၃ မှ

ထို့နောက်ဖျော်ဖြေရေးအဖွဲ့များက တစ်ဖွဲ့ချင်းစီအလိုက် ဂါရဝပြုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများသည် China Town တရုတ်ရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် တရုတ်ရိုးရာ အစားအစာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ရိုးရာခြင်္သေ့အရုပ်အား ဆေးခြယ်အသက်သွင်းခြင်း မင်္ဂလာအခမ်းအနားကိုပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့က တရုတ်ရိုးရာခြင်္သေ့အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးကြကာ တရုတ်ရိုးရာခြင်္သေ့အကအဖွဲ့က ဂါရဝပြုကပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲအခမ်းအနားတွင် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရှောင်လင်ကွန်ဖူး သရုပ်ပြသခြင်းကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားရာတွင် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းကမှ ယနေ့တိုင်အောင်တည်ရှိနေပြီး ကမ္ဘာ့သမိုင်းမှာ အရှည်ကြာဆုံးသော ယဉ်ကျေးမှုသမိုင်း မှတ်တမ်းကို ထိန်းသိမ်းထားနိုင်သည်ကိုလေ့လာသိရှိရကြောင်း၊ တရုတ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအရ နွေဦးပွဲတော်ဟုခေါ်ဆိုသည့် နှစ်သစ်ကူးပွဲတော်ကိုလည်း လွန်ခဲ့သည့် နှစ်ပေါင်း၃၅၀၀ကျော်ကတည်းက ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်းထိန်းသိမ်းကျင်းပခဲ့ကြသည်ကို ဂုဏ်ယူဖွယ်လေ့လာတွေ့ရှိရကြောင်း၊ တရုတ်ရိုးရာအရ ယခု ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံက တရုတ်ရိုးရာရာသီခွင် ၁၂ ပါးထဲမှ မြွေနှစ်ဖြစ်သည်ကိုသိရှိရကြောင်း၊ မြွေနှစ်သည် ဉာဏ်ပညာ၊ မဟာဗျူဟာပြောင်းလဲခြင်း၊ အသစ်တစ်ဖန်ပြန်လည်ဖွဲ့စည်းခြင်း၊ တိုးတက်ကြီးပွားခြင်း၊ ထိုးထွင်းသိမြင်ခြင်း အဓိပ္ပာယ်ဟုယူဆကြသည်ကို သိရှိရကြောင်း၊ တရုတ်ပြည်သူတို့၏ မျှော်လင့်ချက်များ ပြည့်ဝအောင် တိုးတက်ပြောင်းလဲခြင်းများ ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ပထဝီမြေအနေအထားအရ မိုင်ပေါင်း ၁၃၀၀ ကျော် ထိစပ်နေခြင်းကြောင့် လူမျိုးအရ၊ ယဉ်ကျေးမှုအရ များစွာနီးစပ်မှုရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကိုကြည့်ပါကလည်း မှတ်တမ်းများအရ ခရစ်နှစ် ၉၀၁ ခုနှစ်က စတင်ခဲ့ခြင်းကြောင့် နှစ်ပေါင်းတစ်ထောင်ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ နှစ်ပေါင်း ထောင်ချီခဲ့သည့် ဆက်ဆံရေးနှင့် ရှည်လျားသည့် နယ်နိမိတ် ထိစပ်နေခြင်းကြောင့်လည်း တရုတ်-မြန်မာ နှစ်နိုင်ငံအကြားတွင် ခိုင်မာသည့်ဆက်ဆံရေးများ ထူထောင်နိုင်ခဲ့ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ အေးအတူ ပူအမျှ အသိုက်အဝန်းထူထောင်ရေး စသည့် ဆက်ဆံရေးမျိုးကို ထူထောင်နိုင်ခဲ့ကြကြောင်း၊ မိမိအနေဖြင့် ရှေ့ဆက်ပြီးတော့လည်း တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မိမိနိုင်ငံတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်ရေးထက် မြန်မာနိုင်ငံ အပါအဝင် ဒေသတွင်းနိုင်ငံများ၊ အခြားသောကမ္ဘာ့နိုင်ငံများကိုပါ တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်စေရန် BRI စီမံကိန်းများကို အကောင်အထည်ဖော်နေသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်၍လည်း မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အလေးထားလျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့်စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခင်းအကျင်းကို ဖော်ဆောင်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံ အဖြစ် ဆက်လက် ရပ်တည်သွားမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်းတွင် အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးခိုင်မာနေမှုကိုပြသနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလထဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကို သွားရောက်ခဲ့ပြီး မဟာမဲခေါင် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တက်ရောက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်အပြင် အခမ်းအနားကို တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်လည်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်စဉ်။

»»» စာမျက်နှာ ၄ မှ

တရုတ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ဆွေးနွေးစဉ်တွင်လည်း တရုတ်နိုင်ငံဝန်ကြီးချုပ်က တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း အတည်ပြုဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ် အေးချမ်းရေးနှင့် ပတ်သက်ပြီး အပြည့်အဝ ထောက်ခံကူညီ အားပေးမည့် အချက်များ၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ထောက်ခံပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်ပယ်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံရေးအရ၊ ယုံကြည်မှုအရ ပိုမိုတိုးတက်စေရေးဆောင်ရွက်သွားမည့်အချက်များ စသည်များကို ထပ်လောင်းအတည်ပြုဆွေးနွေးခဲ့ကြောင်း၊ ထိုသို့ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များအပေါ် တရုတ်နိုင်ငံက တာဝန်ရှိပုဂ္ဂိုလ်များ၏ အတည်ပြုဆွေးနွေးချက်များနှင့် ကူညီထောက်ပံ့မှုများသည် တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေအဖြစ် တည်ရှိနေမှုကို ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း၊ အဆိုပါ ရပ်တည်ချက် အတွက်လည်း မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

မိမိအနေဖြင့် ကူမင်းမြို့တွင် တရုတ်ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ပြောပြခွင့်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ တက်ကြွသည့် အမြင်နှင့် ထက်သန်သည့်ပူးပေါင်းဆောင်ရွက်လိုမှုများကို မြင်ခဲ့ရပြီး မိမိတို့နိုင်ငံတွင် တရုတ်နိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ကူမင်း၊ ချူချင့်၊ ရှန်းကျန့်မြို့များတွင် ရှိသည့် အထင်ကရနေရာများ၊ တက္ကသိုလ်များ၊ စက်ရုံအလုပ်ရုံများကို သွားရောက်လေ့လာခဲ့ပြီး တရုတ်လူမျိုးတို့၏ ကြိုးစားအားထုတ်မှု အသီးအပွင့်များကို မြင်တွေ့ခဲ့ရကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ China Town တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်နိုင်ငံတော်ကို စစ်မှန် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်လည် လျှောက်လှမ်းနိုင်ရန် အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်သည့်အရွေ့များ ဖြစ်ပေါ်လာမှုသည် မိမိတို့၏ ခိုင်မာသည့် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ အားပေးကူညီမှုများကြောင့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအပေါ် အခိုင်အမာထောက်ခံပြီး တည်ငြိမ်အေးချမ်းရေးကို အလေးထား ကူညီဆောင်ရွက် ပေးနေမှုများအတွက်လည်း တရုတ်နိုင်ငံအစိုးရနှင့် တရုတ်နိုင်ငံသူ နိုင်ငံသားများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း၊ ဆက်လက်ပြီးတော့လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရန် ပန်ကြားလိုကြောင်း။



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှစ်သစ်ဆုတောင်းစကားပြောကြားစဉ်။

**အပြန်အလှန် ဖေးမကူညီခဲ့ကြ**

တရုတ်-မြန်မာ နှစ်နိုင်ငံ၏ တရားဝင်သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်ထူထောင်နိုင်ခဲ့ခြင်းကြောင့် လာမည့် ဇွန် ၈ ရက် ဆိုပါက နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၅ နှစ်တိုင်တိုင် စိန်ရတုကာလကို ရောက်ရှိပြီဖြစ်ကြောင်း၊ မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိလာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုအပေါ်အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေး ထူထောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံကြုံတွေ့လာသည့်အရေးကိစ္စများတွင်တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဖေးမကူညီခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ စတင်ထူထောင်ခြင်းအပေါ် အာရှတိုက်တွင် ပထမဆုံး အသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်သကဲ့သို့ အဆိုပါ အချိန်ကတည်းက ရပ်တည်ခဲ့သည့်တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုလည်း ဒီနေ့အချိန်အထိ ခိုင်ခိုင်မာမာရပ်တည်နေသည့်နိုင်ငံဖြစ်ကြောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံကို တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း လာရောက်ချိန်က ပူးတွဲကြေညာနိုင်ခဲ့သည့်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကလည်း နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းအတွက် မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ယနေ့တိုင် လက်ကိုင်ထား ကျင့်သုံး နေကြခြင်းကြောင့် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ ပြယုဂ်အမှန်ကို ဖော်ထုတ်ပြသနေကြဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ယခုကဲ့သို့ရှည်လျားလှသည့် သမိုင်းကြောင်းများနှင့် နှစ်နိုင်ငံ ဆက်ဆံရေးတည်ရှိမှု၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် ယခု ၂၀၂၅ ခုနှစ်မှစပြီး တရုတ်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်၏ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထိုသို့သတ်မှတ်ပေးမှုသည် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်သဘောထားအပေါ် အလေးထား အသိအမှတ်ပြုမှုကို ဖော်ပြခြင်းဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၏ ရေရှည်ကို မြော်တွေးပြီး နိုင်ငံပေါင်းစုံပါဝင်သည့်စည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အလေးအနက် ထောက်ခံခြင်းလည်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို မလိုလားကြသည့် ပြည်တွင်းပြည်ပကအဖွဲ့များအနေဖြင့်လည်း နည်းလမ်းမျိုးစုံ အသုံးပြုပြီး သွေးခွဲနေကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ တာဝန်ရှိသူများနှင့် နိုင်ငံသူ နိုင်ငံသားများအားလုံးက အထူးဂရုစိုက်ရန်လိုကြောင်း၊ မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်တည်လာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ရေကိုဓားလို့ အကြားမထင်သလို ဘယ်လိုနည်းလမ်းနှင့် လုပ်ရပ်မျိုးကမှ ပျက်ပြားအောင် လုပ်၍မရဘူးဆိုသည်ကို သက်သေပြနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာပြည်သူများ၊ မြန်မာနိုင်ငံအတွင်းတွင်ရှိကြသည့် တရုတ်-မြန်မာ အသင်းအဖွဲ့များ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံအတွင်းတွင် လာရောက်အလုပ်လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသားများအနေဖြင့် နိုင်ငံချစ်စိတ်များ၊ အေးအတူပူအမျှ အတူတူနေထိုင်သွားကြမည် ဆိုသည့်စိတ်များနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ကြပြီး တရုတ်-မြန်မာ နှစ်နိုင်ငံကို ခိုင်မာသည့် ထာဝရအိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး အားလုံးက ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

**ပိုမိုအကျိုးရှိသော ရလဒ်များဖြစ်ထွန်း**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကားပြောကြားရာတွင် တရုတ်နှစ်သစ်ကူးပွဲတော်သည် တရုတ်လူမျိုးတို့၏ အရေးအကြီးဆုံး ပွဲတော်ဖြစ်ပြီး မြွေနှစ်ကိုပျော်ရွှင်စွာကြိုဆိုရသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်တွင် တရုတ်လူမျိုးများသည် တောတောင်ရေမြေများကို ကျော်ဖြတ်ပြီး သာယာလှပသည့် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြကာ စီးပွားရေးအသက်မွေးဝမ်းကျောင်းများလုပ်ကိုင်၍ အေးချမ်းစွာ အခြေချ နေထိုင်ခဲ့ကြပါကြောင်း၊ ၎င်းတို့သည် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိသည့် မြန်မာပြည်ဟူသည့် မိသားစုကြီးနှင့် တက်ကြွစွာ ပေါင်းစပ်နေထိုင်ကြပြီး မြန်မာနိုင်ငံစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအတွက် အရေးပါသည့် ပါဝင်ဆောင်ရွက်သူ၊ ပေးဆပ်သူများ ဖြစ်ကြပါကြောင်း၊ ယခုနှစ်များအတွင်း နှစ်နိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ဘာသာရေးစသည့် နယ်ပယ်အသီးသီးတွင် အပြန်အလှန်ဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများတွင် တိုးတက်မှုကိုကောင်းမွန်စွာ ဆက်လက်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ယခုနှစ်သည် တရုတ်နှင့် မြန်မာသံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅)နှစ်မြောက် နှစ်ပတ်လည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ဂရုစိုက်မှုနှင့်အတူ နှစ်နိုင်ငံအကြားဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ပိုမိုအကျိုးရှိသော ရလဒ်များကို ဖြစ်ထွန်းစေပြီး အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ခြင်းအတွက် တိုးတက်မှုအသစ်များ ရရှိပြီး နှစ်နိုင်ငံပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်သစ်တွင် မိမိတို့ အတူလက်တွဲပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့် အနေဖြင့် ဆက်လက်ပါဝင်ကြပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ၏ လှပသည့် အနာဂတ်ကို အတူတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက် သာယာဝပြောပြီး ငြိမ်းချမ်းပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်နိုင်ငံမှ အထူးလာရောက် ဖျော်ဖြေသည့် တယ်ဟုန်စာပေနှင့် အနုပညာယဉ်ကျေးမှုအဖွဲ့က ဖျော်ဖြေတင်ဆက်ခြင်း၊ ရှောင်လင်ကိုယ်တော်များက သိုင်းသရုပ်ပြခြင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များက အဆိုအကများ၊ တေးသရုပ်ဖော်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေး တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တရုတ် ယဉ်ကျေးမှုအဖွဲ့များက တရုတ်ရိုးရာ တေးသီချင်းများ၊ တူရိယာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေခြင်း၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းများဆောင်ရွက်ကြပြီး သီဆိုဖျော်ဖြေရာတွင် UNESCO မှ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပထမဆုံးထည့်သွင်းခဲ့သည့်အတွက် ကြိုဆိုဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်အနေဖြင့် မြဝတီတေးဂီတအဖွဲ့က "ခေတ်လေးခေတ်" သင်္ကြန်သီချင်းဖြင့် ဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြသည်။

**အမှတ်တရလက်ဆောင်ပန်းခြင်းများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တရုတ်နိုင်ငံမှလာရောက်သည့် တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များကို အမှတ်တရလက်ဆောင်ပန်းခြင်းများ ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာအနုပညာရှင်များနှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်များသည် တရုတ်-မြန်မာချစ်ကြည်ရေး Theme Song ဖြစ်သည့် "ပန်းတိုင်းပွင့်ပါစေ" သီချင်းကို စုပေါင်းသီဆိုခဲ့ကြကြောင်းနှင့် အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်) လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ(လေးထောင့်ကန်) နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေး ဇုန်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ(လေးထောင့်ကန်) သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်နိုင်ဦးတို့က ၂၀၂၂ ခုနှစ် မေလ အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် လာရောက် စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည် ဖော် ဆောင်ရွက်ပြီးစီးမှု၊ အိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့်ဆက်လက် တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက်နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ မူကြိုကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်း တည်ဆောက်ရန် လျာထားမှုနှင့် လက်ရှိ တက်ရောက်နေမှု၊ အားကစားကွင်းများနှင့် ကလေး ကစားကွင်းများ ထည့်သွင်း ဆောင်ရွက်ပြီးစီးမှု၊ ရေနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အိမ်ရာ ဆောင်ရွက်ခဲ့မှု သမိုင်းကြောင်းနှင့် မြေအသုံးချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) အား စစ်မှုထမ်းဟောင်းမြို့အဖြစ် တည်ဆောက်နေခြင်း ဖြစ်ပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခု အဖြစ် ရည်မှန်းဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာအတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက် စီမံကိန်း လိုအပ်ချက်နှင့် ကိုက်ညီသည့် ဆိုလာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းတစ်ခုကိုလည်း စနစ်တကျတွက်ချက်၍ ထည့်သွင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာများဆောက်လုပ်ရာတွင် မြေကို အကျိုးရှိရှိနှင့် အကွက်ကျကျ အသုံးချနိုင်ရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိ အချိန်အထိ အိမ်ရာဝင်းတစ်ခု အတွင်း၌ပင် အိမ်ခန်းပေါင်း ၄၀၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့ငယ်တစ်မြို့ကဲ့သို့

စာမျက်နှာ ၇ သို့ ◆

---

★ စာမျက်နှာ ၂၄ မှ

သက်သာ ချောင်ချိရေးနှင့် ပတ်သက်၍ အုပ်ချုပ်မှုနှင့် သက်သာ ချောင်ချိရေးသည် ဆက်စပ်လျက်ရှိပြီး အုပ်ချုပ်မှု အားကောင်းခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုကောင်းလာမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ ၎င်းတို့ကို ကိုယ်ရေးကိုယ်တာ အခက်အခဲ၊ အကျပ်အတည်းများကိုလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုး မဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီ အသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေ မျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခင်ကတည်းကပင် အားပေးဆောင်ရွက်ခဲ့ပြီး အမြတ်ကို အဓိကမဟုတ်ဘဲ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ဝယ်ယူစားသုံးနိုင်ရေး အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် မိမိတို့ တစ်မိသားစုချင်းနှင့် မိမိတို့ တပ်ဖွဲ့၏ သက်သာချောင်ချိမှုကို ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့တပ်ဖွဲ့တွင်း ရောင်းချပြီး ပိုလျှံသည်များကို ပြင်ပမှ ဝန်ထမ်းများ၊ ဒေသခံများသို့ သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးခြင်းဖြင့်လည်း ဒေသ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း။

တပ်တည်ဆောက်ရေးလုပ်ငန်းရပ်များဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ကောင်းမွန်သည့် စိတ်ဓာတ် မွေးမြူရန်သည် စစ်သည်တစ်ဦး တစ်ယောက်ချင်းစီတွင် တာဝန်ရှိကြောင်း၊ ကွပ်ကဲကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး တို့ကို မှန်မှန်ကန်ကန် ဆောင်ရွက်ပေးခြင်းဖြင့် စစ်သည်များ စိတ်ဓာတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများ၊ အခါအားလျော်စွာ ကျင်းပသည့် ပျော်ပွဲရွှင်ပွဲများ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တတ်နိုင်သရွေ့ဖြည့်ဆည်းပေးခြင်းများဖြင့် စိတ်ဓာတ်ကောင်းမွန်မှုကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း။

တစ်ဦးချင်းစီ၏ အရည်အသွေး တိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာသွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် မိမိကိုယ်ကို အကျိုးဖြစ်စေနိုင်မည့် စာပေဗဟုသုတလေ့လာခြင်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ စာပေဖတ်ရှုခြင်း၊ အကြောင်းအရာများကိုမှတ်သားခြင်း၊ လက်တွေ့ကြုံတွေ့လာရသည့် အခြေအနေတွင် ၎င်းအကြောင်းအရာကို အကျိုးရှိရှိ အသုံးချခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့ သိရှိထားသည့် အကြောင်းအရာများကို အခြားသူများကို မျှဝေပေးခြင်းသည်လည်း ကောင်းမွန်သည့် အမူအကျင့်ကောင်းတစ်ခုပင် ဖြစ်ကြောင်း၊ "ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်" ဖြစ်သကဲ့သို့ စာမတတ်လျှင် တစ်သက်လုံး အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်မည်ဖြစ်ပြီး ဘဝတိုးတက်ရေးအတွက် အခက်အခဲများ ကြုံတွေ့ရနိုင်မည်ဖြစ်သဖြင့် စာပေဖတ်မှတ် လေ့လာခြင်းကို အမြဲမပြတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း မှာကြားသည်။

## စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

◆ စာမျက်နှာ ၆ မှ

ဖြစ်လာပြီဖြစ်ပြီဖြစ်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးရန် လိုကြောင်းပြောကြားပြီး အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာသန့်ရှင်းသာယာလှပရေး၊ ရေသွင်းရေထုတ်စနစ်များ စနစ်တကျဖြစ်စေရေးအတွက် တာဝန်ရှိသူများကို မှာကြား၍ အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် (အငြိမ်းစား)နှင့် တည်ဆောက်ရေးဆိုင်ရာ တာဝန်ရှိသူတို့က စီမံကိန်းအကောင်အထည်ပေါ်ပေါက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရာနှုန်းပြည့်ပြီးစီးပါက မြင်တွေ့ရမည့်ပုံစံများ၊ အဓိကကျသည့် လုပ်ငန်းကြီးများ ဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခု Shopping Complex ကို ဒဂုံမြို့သစ် (တောင်ပိုင်း)နေ ပြည်သူများနှင့် မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)တွင် နေထိုင်သူများ၏ လူနေမှုအဆင့်မြင့်တင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရေ၊ မီးစနစ်များ အသုံးပြုရန်အတွက် လိုအပ်သည့်လျှပ်စစ်မီး အချိန်ပြည့်ရရှိစေရေး Roof Top တွင် ဆိုလာပြားတပ်ဆင်ရန်နှင့် စီမံကိန်းမြေနေရာ၏ အခြားမြေလွတ် နေရာများတွင်လည်း ဆိုလာ လျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ကြီးမြန်သစ်ပင်များ၊ အရိပ်ရလေကာပင်များကိုလည်း ယခုကတည်းကပင် စနစ်တကျဖြင့် စိုက်ပျိုးသွားရန် လိုကြောင်း၊ ရေထုတ်စနစ်များ ကောင်းမွန်စေရေးအတွက်လည်း တွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့အတွင်းရှိ လမ်းများအနေဖြင့်လည်း လမ်းနယ်များ စနစ်တကျရှိရမည်ဖြစ်ပြီး ရေဝင်ရေထွက်စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားပြီး လုပ်ငန်းခွင်အတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းကြားနေရာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ငွေပင်လယ် အသားတိုးနွားမွေးမြူရေးလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထွက်ရှိလာသည့် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့ကိုသက်သာသောဈေးနှုန်းများဖြင့် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်မှု၊ အအေးခန်းစက်ရုံ (လှိုင်သာယာ)၏ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စွန်ရဲအင်းမွေးမြူရေးဇုန်၌ နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ ဆိတ်မွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် အစာစပ်စက်ရုံ တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ သို့ ◆

- ❒ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ခုနစ်သန်းကျော်ရှိပြီး စားရေးဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်
- ❒ တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညီစောက ရှင်းလင်းတင်ပြစဉ်။

◆ စာမျက်နှာ ၇ မှ

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ဒေသတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ခုနစ်သန်းကျော်ရှိပြီး စားရေးဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံ များစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးဇုန်၊ မွေးမြူရေးစခန်းများ၌ သာမက ကျေးရွာအလိုက် တစ်ပိုင်တစ်နိုင်မွေးမြူရေးသည်ပင် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများဖြစ်ရန်လိုပြီး အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေး အစာ ကုန်ကြမ်းများ မပြတ်ရရှိရေးကိုလည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ဟင်းသီးဟင်းရွက်များ ဖူလုံစွာထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြေခံစားကုန်များကို များများထုတ်လုပ်နိုင်မှသာလျှင် ကုန်ဈေးနှုန်းကြီးမြင့်မှုများသည်လည်း လျော့ကျလာမည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာသမားရိုးကျ နည်းလမ်းများဖြင့် မွေးမြူခြင်းထက် စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေး ဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အောင်မြင်နေသည့်နိုင်ငံများ၏ စိုက်ပျိုးရေးနည်းလမ်းများ၊ မွေးမြူရေးနည်းလမ်းများကိုလည်း အမြဲမပြတ်လေ့လာ၍ အတုယူဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစား နမူနာ ပြသထားရှိမှုများနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂၅

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ အခြေပြု၍ အဆိုပါရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၂၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၂ ဦး၊ ခွဲစိတ်ရောဂါ ၁၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ခုနစ်ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၅၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၂ ဦး၊ မျက်စိရောဂါ ၁၄၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၃၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၂၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ သုံးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော်တစ်ပါး ပေါ်ထွန်းတော်မူခြင်း

နေပြည်တော် ဇန်နဝါရီ ၂၅

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို (၂၄-၁၂-၂၀၂၄) ရက်နေ့မှ (၂၅-၁-၂၀၂၅)ရက်နေ့အထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။


(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အရှင်သေဋ္ဌညာဏာလင်္ကာရ၊ သက်တော် ၄၅ နှစ်၊ သိက္ခာ ၂၃ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ (၁၇)ပါးမြောက် သာသနာ့အာဇာနည်ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်(၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်အထိ (၇၇)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပထမအကြိမ်မှ (၇၆)ကြိမ်အထိ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။ (၇၆)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ၁၆ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် နှစ်မခြားဘဲ ယခုနှစ် ၁၃၈၆ ခုနှစ် (၂၀၂၅ ခုနှစ်) (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် ၁၇ ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ဝိနယပိဋက ဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်းငါးကျမ်းနှင့် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းတို့ကို "တိပိဋကဓရ"ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး "တိပိဋကကောဝိဒ"ဘွဲ့အတွက် သဘောရေးဖြေ စာမေးပွဲ ဖြေဆိုရကြောင်း သိရသည်။

သတင်းစဉ်

# တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

အရှင်သေဋ္ဌညာဏာလင်္ကာရသည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဖုကြီးရွာ ခမည်းတော် ဦးတင်စော+ မယ်တော်ဒေါ်အုံးခ တို့မှ ၁၃၄၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၄ ရက် သောကြာနေ့တွင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

### ဥပသမ္ပဒမင်္ဂလာ

၁၃၆၁ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၇)မိုင် စော်ဘွားလေး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၇)မိုင် မလိခလမ်း ၁၁(က) ဦးထူးအောင်ကြီး+ ဒေါ်ပြုံးပြုံးထွေးမိသားစု၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဖုကြီးရွာ ဒေါ်စောကြွယ်နှင့် ဦးတင်စော + ဒေါ်အုံးခ မိသားစု၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်း ဦးအောင်ကြီး+ဒေါ်မိုးမိုးအောင် (မြနန္ဒာအိမ်ဆောက်ပစ္စည်းအရောင်းဆိုင်)မိသားစု၊ သုံးခွမြို့ ဦးစန်းမြင့်+ဒေါ်အေးပို မိသားစု၊ ရဲမှူးကြီး ချစ်ရင်+ဒေါ်ခင်စန်းမြင့် မိသားစု၊ ဦးကျင်စိန်+ဒေါ်နီနီအေး၊ သမီး မမော်လီလင်း(သ-ဖ ထရေးဒင်းကုမ္ပဏီလီမိတက်)မိသားစု၊ ဦးမိန်သက်+ ဒေါ်သန်းသန်းမော် (သရီးဂိုလ်းစတားကုမ္ပဏီ)မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### ကျေးဇူးရှင်ဆရာတော်ကြီးများ

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဖုကြီးရွာ ဥပ္ပလွှင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၇)မိုင် စော်ဘွားလေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရ၊ ဘဒ္ဒန္တဇောတိကနှင့် စာချဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ ဘဒ္ဒန္တကဝိဓဇ၊ ဘဒ္ဒန္တဉာဏိဿရ၊ အရှင်ဉာဏကုသလ (ဥဘတောဝိဘင်္ဂကောဝိဒ)၊ အရှင်စန္ဒန(ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက)၊ အရှင်ဣန္ဒောဘာသာလင်္ကာရ (ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက)၊ အရှင်ပညာဝံသာလင်္ကာရ (ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက)၊ အရှင်သိရီဒတ္တာလင်္ကာရ (ဒွိပိဋကကောဝိဒ)၊ အရှင်ဣန္ဒာဓမ္မ၊ အရှင်ပညာစာရ၊ အရှင်ဝေပုလ္လာလင်္ကာရ (ဒွိပိဋကဓရ၊ ပါဠိပါရဂူ)၊ အရှင်ဓမ္မရက္ခိတာလင်္ကာရ (ဝိသိဋ္ဌဝိနယဓရ၊ ဥဘတောဝိဘင်္ဂကောဝိဒ)၊ အရှင်ဣန္ဒာဝုဓာလင်္ကာရ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တသီတလ (ဒွိပိဋကဓရ)၊ အရှင်ဝါသေဋ္ဌာလင်္ကာရ (တိပိဋကဓရ)၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တသောဘဏ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တတေဇနိယ (ပဌာန်းအလင်းရောင်)၊ ဘဒ္ဒန္တပဝရာဘိဝံသ၊ ဘဒ္ဒန္တနာရဒါဘိဝံသ (သ-စ-အဓမ္မာစရိယ၊ ဝဋံသကာ)နှင့် စာချဘုန်းကြီးများ၊ ရန်ကင်းတောင် ဥယျာဉ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇောတိက(အမ်အေ)နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်း တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ဘဒ္ဒန္တဩဘာသာဘိဝံသ (ဒွိပိဋကကောဝိဒ၊ ဝိသိဋ္ဌမူလအာဘိဓမ္မိက)၊ ဘဒ္ဒန္တဣန္ဒက အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက် (အုန်းတော)၊ ဘဒ္ဒန္တဝိရောစန မဟာသုခါရာမ ကျောင်းတိုက် မရမ်းကုန်းမြို့နယ်၊ ဘဒ္ဒန္တနာဂိတ ရွှေပြည်သာပရိယတ္တိစာသင်တိုက် ရွှေပြည်သာမြို့နယ် စသည့်ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

### အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ

ဂဏဝါစကသာမဏေကျော် (၁၃၅၈)ခုနှစ်၊ ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်(၁၃၅၈)ခုနှစ်၊ ပရိယတ္တိသဒ္ဓမ္မရက္ခိတသာမဏေကျော်(၁၃၅၉)ခုနှစ်၊ မင်္ဂလာဗျူဟာသာမဏေကျော်(၁၃၆၀)ပြည့်နှစ်၊ ပရိယတ္တိသာသနဟိတသာမဏေကျော်ဘွဲ့များ(၁၃၆၀)ပြည့်နှစ်၊ (၁၃၆၁)ခုနှစ်တွင် ပထမကြီးတန်း (ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံး ဒုတိယ)၊ သာသနဓဇဓမ္မာစရိယ(၁၃၆၂)ခုနှစ်၊ နိကာယဍ္ဍေဝှာတက ဝိနယဓရဓမ္မာစရိယ(၁၃၆၉)ခုနှစ်၊ နိကာယဍ္ဍေဝှာတကအဋ္ဌဝိသာရဒဒီဃဘာဏက(၁၃၇၁)ခုနှစ်၊ နိကာယဝုမိုသမိတိ ဝိနယကောဝိဒ(၁၃၇၀)ပြည့်နှစ်၊ နိကာယဝုမိုသမိတိ ဒီဃနိကာယကောဝိဒ (၁၃၇၃)ခုနှစ်၊ ပရိယတ္တိသာသနဟိတဝိနယဓရ(၁၃၆၉)ခုနှစ်၊ ပရိယတ္တိသာသနဟိတဒီဃ ဘာဏက(၁၃၇၁)ခုနှစ်၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ထဝံသဒီဃာဂမ (၁၃၇၃)ခုနှစ်၊ မဟာဂန္ထဝံသမူလအဘိဓမ္မာဂမ (၁၃၇၇) ခုနှစ်၊ ဝိနယဝိဒူ (၁၃၆၁)ခုနှစ်၊ ဒီဃနိကာယဝိဒူ (၁၃၇၁)ခုနှစ်၊ အဘိဓမ္မဝိဒူ-၁(၁၃၈၃)ခုနှစ်၊ အဘိဓမ္မဝိဒူ-၂(၁၃၈၅) ခုနှစ်၊ ဥဘတောဝိဘင်္ဂဓရ(၁၃၆၃)ခုနှစ်၊ ဥဘတောဝိဘင်္ဂကောဝိဒ (၁၃၆၇)ခုနှစ်၊ ဝိနယဓရ(၁၃၆၉)ခုနှစ်၊ ဝိနယကောဝိဒ(၁၃၇၀)ပြည့်နှစ်၊ ဒီဃဘာဏက(၁၃၇၁)ခုနှစ်၊ ဒီဃနိကာယကောဝိဒ(၁၃၇၃)ခုနှစ်၊ မူလအာဘိဓမ္မိက(၁၃၇၄)ခုနှစ်၊ မူလအဘိဓမ္မကောဝိဒ(၁၃၇၇)ခုနှစ်နှင့် တိပိဋကဓရဘွဲ့(၁၃၇၉)ခုနှစ်တို့ကို အောင်မြင်ခဲ့ပါသည်။

### အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်

ယခုနှစ် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက အဘိဓမ္မာ(ဒုတိယပိုင်း) နှစ်ကျမ်း သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

### တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်

ယခုအခါ အရှင်သေဋ္ဌညာဏာလင်္ကာရသည် သင်ရိုးပိဋကသုံးပုံကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါကနုတ္တဒဏ်ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့ အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) (တပည့်နှစ်ဦးအပါအဝင်)ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ(အာဂုံ) စာရင်းသွင်း၊ ပြန်ဆို၊ အောင်မြင် ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၁ | ၁ | - | |
| ၂ | အဘိဓမ္မာ(ပထမပိုင်း) | ၄ | ၁ | - | |
| ၃ | ဒီဃနိကာယ် | ၁၃ | ၁၁ | ၁၁ | ၁၀၀% |
| ၄ | ဝိနည်း(ဒုတိယပိုင်း) | ၁၁၉ | ၇၃ | ၂၉ | ၃၉.၇၃% |
| ၅ | ဝိနည်း(ပထမပိုင်း) | ၁၃၃ | ၉၁ | ၄၆ | ၅၀.၅၅% |
| စုစုပေါင်း | | ၂၇၀ | ၁၇၇ | ၈၆ | ၄၈.၅၉% |

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ) စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင် ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၄ | ၄ | ၁ | ၂၅% |
| ၂ | အဘိဓမ္မာ(ပထမပိုင်း) | ၁၇ | ၁၅ | - | |
| ၃ | ဒီဃနိကာယ် | ၃၈ | ၃၅ | ၂ | ၅.၇၁% |
| ၄ | ဝိနည်း(ဒုတိယပိုင်း) | ၅၈ | ၅၃ | ၁ | ၁.၈၉% |
| ၅ | ဝိနည်း(ပထမပိုင်း) | ၁၂၆ | ၁၁၃ | ၇ | ၆.၁၉% |
| စုစုပေါင်း | | ၂၄၃ | ၂၂၀ | ၁၁ | ၅% |

# လော့စ်အိန်ဂျယ်လိစ် မီးလောင်ပြင်ရှိ အပျက်အစီးများကို သမ္မတ ဒေါ်နယ်လ်ထရမ့် သွားရောက်ကြည့်ရှုစစ်ဆေး

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်သည် ဇန်နဝါရီ ၂၅ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ်သို့ သွားရောက်ကာ လော့စ်အိန်ဂျယ်လိစ်ဒေသတစ်ဝိုက်ရှိ လွန်ခဲ့သောလက ဖြစ်ပွားသော မီးလောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် မီးလောင်ပြင်ရှိ အပျက်အစီးများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဒီမိုကရက်တစ်အုပ်ချုပ်ရေးမှူး ဂေဗင်နယူဆမ် ဦးဆောင်နေသည့် ပြည်နယ်အရေးပေါ်တုံ့ပြန်မှုကို အများက ဆက်လက်ရှုတ်ချနေစဉ် ၄င်းသမ္မတအာဏာပြန်ရပြီး ပထမဆုံးအပတ်အကုန်တွင် ယင်းခရီးစဉ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးပြိုင်ဆိုင်မှုများရှိသော်လည်း နယူဆမ်သည် သမ္မတကို လေယာဉ်ကွင်းအထိ သွားရောက်ကြိုဆိုခဲ့သည်။ ထရမ့်သည် မြောက်ကယ်လိုလိုင်းနားမှ အထူးလေယာဉ်ဖြင့် ရောက်ရှိလာခဲ့ပြီး မြောက်ကယ်ရိုလိုင်းနားတွင် စက်တင်ဘာလက ပြည်နယ်၏ အနောက်ပိုင်းကို လှုပ်ခတ်ခဲ့သည့် ဟာရီကိန်းဟယ်လင်း၏ပျက်စီးမှုများကိုလည်း လှည့်လည်ကြည့်ရှုခဲ့သည်။

ထရမ့်၏ခရီးစဉ်သည် တောင်ကယ်လီဖိုးနီးယားတွင် မီးသစ်များ စတင်လောင်ကျွမ်းနေစဉ် အတွင်း ဖြစ်ခဲ့သည်။ ထိုဖြစ်စဉ်အတွင်း ဒေသခံအရာရှိများသည် မီးလောင်မှုများ ပိုမိုမြန်ဆန်စွာ ပြန့်ပွားစေနိုင်သည့် ခြောက်သွေ့ပြီး လေပြင်းတိုက်ခတ်နေသော ရာသီဥတုအခြေအနေများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ



## သမ္မတ ယွန်းဆွတ်ယူးလ်အား ထိန်းသိမ်းထားမှုကို ရက်ထပ်မံတိုးမြှင့်ရန် တောင်ကိုရီးယားအစိုးရအမှုဆောင်ရှေ့နေများဘက်မှ တောင်းဆို

**ဆိုးလ် ဇန်နဝါရီ ၂၅**

ဆိုးလ်တရားရုံးက ယခင်တောင်းဆိုချက်ကို ငြင်းပယ်ပြီးနောက် ရာထူးမှ ရပ်ဆိုင်းခံထားရသော သမ္မတ ယွန်းဆွတ်ယူးလ်အား ထိန်းသိမ်းထားမှုကို ရက်ထပ်မံတိုးမြှင့်ရန် ဇန်နဝါရီ ၂၅ ရက်တွင် တောင်ကိုရီးယားအစိုးရအမှုဆောင်ရှေ့နေများဘက်မှ တောင်းဆိုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယွန်းကို ယခင်အပတ်က နံနက်စောစောတွင် ပုန်ကန်မှုစွဲချက်ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး စစ်ဆေးမှုခံယူနေစဉ် ထိန်းသိမ်းခံထားရသည့် တောင်ကိုရီးယား၏ ပထမဆုံးသော သမ္မတဖြစ်လာခဲ့သည်။

၄င်း၏ စစ်အုပ်ချုပ်ရေးကြေညာချက်သည် တောင်ကိုရီးယားနိုင်ငံကို ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံးနိုင်ငံရေးအကျပ်အတည်းထဲသို့ ရောက်ရှိစေခဲ့သည်။

တရားရုံးက ပြီးခဲ့သည့်အပတ်က ၄င်းကို ထိန်းသိမ်းရန် ဝရမ်းထုတ်ခဲ့ပြီး သက်သေခံအထောက်အထားများကို ဖျက်ဆီးနိုင်သည့် အန္တရာယ်ရှိကြောင်း ဖော်ပြခဲ့သော်လည်း စုံစမ်းစစ်ဆေးသူများက မူရင်းစာရွက်စာတမ်းသည် ဇန်နဝါရီ ၂၈ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဟု ပြောကြားသည်။

စုံစမ်းစစ်ဆေးသူများက သူ့အား ဖေဖော်ဝါရီ ၆ ရက်အထိ ထိန်းသိမ်းထားရန် တောင်းဆိုချက်ကို "လုံလောက်သော အကြောင်းပြချက်များ ရှာဖွေရန်ခက်ခဲသည်" ဟုဆိုကာ ဇန်နဝါရီ ၂၄ ရက် ညနေပိုင်းတွင် ဆိုးလ်ဗဟိုတရားရုံးက ငြင်းပယ်ခဲ့ကြောင်း အမှုဆောင်ရှေ့နေများက ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယွန်းသည် ဆိုးလ်မြို့တော်ရှိ ထိန်းသိမ်းရေးစခန်းတွင် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

## ပိုလ်မှူးဟောင်းတစ်ဦးဖြစ်သည့် ပီဟက်စ်ဂက်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးအဖြစ် အတည်ပြု



**ဝါရှင်တန် ဇန်နဝါရီ ၂၅**

ဗိုလ်မှူးဟောင်းတစ်ဦးဖြစ်သည့် ပီဟက်စ်ဂက်အနေဖြင့် ဇန်နဝါရီ ၂၄ ရက်က အမေရိကန်ကာကွယ်ရေးဝန်ကြီးရာထူးအတွက် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒီမိုကရက်နှင့် ရီပတ်ဘလီကန် အမတ်အချို့တို့၏ ပြင်းထန်သော အခြေအတင်ဆွေးနွေးမှုများအပြီးတွင် ၄င်းကာကွယ်ရေးဝန်ကြီးဖြစ်လာတော့မည့်ကိစ္စသည် သမ္မတ ဒေါ်နယ်လ်ထရမ့်အတွက် ကြီးမားသော အောင်ပွဲတစ်ရပ်ဖြစ်သည်။ ဟက်စ်ဂက်အား ဆီးနိတ်လွှတ်တော်တွင် ၅၀-၅၀ မဲဖြင့် အတည်ပြုခဲ့ပြီး ဒုတိယသမ္မတ ဂျေဒီဗန့်စ်က ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ၄င်း၏ တာဝန်ကို ထမ်းဆောင်ရန် လွှတ်တော်ခန်းမသို့ ရောက်ရှိလာပြီးနောက် ရီပတ်ဘလီကန် သုံးဦးသည် ဒီမိုကရက်များနှင့်အတူ မဲပေးရန် ပူးပေါင်းခဲ့သည်။

ယခင်က သတင်းသမားတစ်ဦးဖြစ်ခဲ့ပြီး ဆုတံဆိပ်များရရှိထားသော စစ်မှုထမ်းဟောင်းဖြစ်သည့် ဟက်စ်ဂက်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအတွက် အဓိကပြောင်းလဲမှုများ ယူဆောင်လာရန် ကတိပြုထားသည်။ မည်သို့ပင်ဖြစ်စေ ၄င်း၏ ဦးဆောင်မှု၊ အရည်အချင်း၊ စိတ်နေသဘောထားနှင့် စစ်မှုထမ်းအမျိုးသမီးများအပေါ် ၄င်း၏ အမြင်များနှင့်ပတ်သက်၍ စောင့်ကြည့်ခံရမည်ဖြစ်သည်။

"ကျွန်ုပ်တို့တွင် ဟက်စ်ဂက်ကဲ့သို့သော ကာကွယ်ရေးဝန်ကြီး မရှိခဲ့ဘူးပါ" ဟု တက္ကဆက်တက္ကသိုလ်၊ အော်စတင်မှ သမိုင်းပါမောက္ခနှင့် သမ္မတပညာရှင် ဂျေရမီဆူရီက ပြောကြားကြောင်း သိရသည်။

**Mon**



## ဂျယ်ဂျူးလေကြောင်းလိုင်းပိုင် လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၂၇ ရက်မတိုင်မီ ကြိုတင်အစီရင်ခံစာထုတ်ပြန်မည်

**ဆိုးလ် ဇန်နဝါရီ ၂၅**

လွန်ခဲ့သောလက ဖြစ်ပွားခဲ့သည့် ဂျယ်ဂျူးလေကြောင်းလိုင်းပိုင် လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၂၇ ရက်မတိုင်မီ ကြိုတင်အစီရင်ခံစာထုတ်ပြန်မည်ဟု တောင်ကိုရီးယားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက အတည်ပြုကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒီဇင်ဘာ ၂၉ ရက်တွင် ဘန်ကောက်မှ မူအန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ် ထိုလေယာဉ်ပျက်ကျမှု၌ ငှက်ဝင်တိုက်မှုကိစ္စ မည်သည့်အခန်းကဏ္ဍမှပါဝင်ခဲ့သည်ကို စုံစမ်းစစ်ဆေးရာမှ ပေါ်ထွက်လာသော အစီရင်ခံစာဖြစ်သည်ဟု ဆိုသည်။

အဆိုပါအစီရင်ခံစာကို အပြည်ပြည်ဆိုင်ရာလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့သာမက အမေရိကန်၊ ပြင်သစ်နှင့် ထိုင်းနိုင်ငံတို့သို့လည်း ပေးပို့မည်ဟု ဝန်ကြီးဌာနက အတည်ပြုကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# STOP AIDS

## ဒုတိယအကြိမ် ဓားစာခံအပြန်အလှန်လဲလှယ်မှုတွင် အစ္စရေးအမျိုးသမီးစစ်သည် လေးဦး လွတ်မြောက်လာ

**ဂျေရုဆလင် ဇန်နဝါရီ ၂၅**

ဂါဇာစစ်ပြေငြိမ်းရေးသဘောတူညီချက်အရ ဒုတိယအကြိမ် ဓားစာခံအပြန်အလှန်လဲလှယ်မှုတွင် ပါလက်စတိုင်းအကျဉ်းသားများနှင့် အပြန်အလှန်လဲလှယ်ရန် အစ္စရေးအမျိုးသမီးစစ်သည် လေးဦး၏ အမည်များကို ဟားမတ်စ်အဖွဲ့ထုတ်ပြန်ကြေညာပြီးနောက် ပါလက်စတိုင်းအာဏာပိုင်များက လွှတ်ပေးလိုက်သဖြင့် အစ္စရေးသို့ ပြန်လည်ရောက်ရှိလာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွတ်မြောက်လာသည့် အမျိုးသမီးစစ်သည်များဖြစ်သည့် ဒန်နီလာဂျီလ်ဘိုအိုင်၊ လီရီအယ်လ်ဘတ်၊ နားမာလယ်ဗီနှင့် ကာရီနာအာရီဗ်တို့လေးဦးသည် အစ္စရေးအစိုးရတပ်ဖွဲ့နှင့် ရှင်းဘက်တပ်ဖွဲ့ဝင်များနှင့်အတူ အစ္စရေးနယ်မြေအတွင်းသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာခဲ့ပြီဟု အစ္စရေးအစိုးရတပ်ဖွဲ့က အတည်ပြုသည်။



ဂါဇာစစ်ပြေငြိမ်းရေး၏ ခြောက်ပတ်ကြာ ပထမအဆင့်တွင် အစ္စရေးအမျိုးသမီးစစ်သည်တစ်ဦးလျှင် ပါလက်စတိုင်းအကျဉ်းသား ၅၀ ကို လွှတ်ပေးရန် သဘောတူညီခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

သို့ဖြစ်ရာ တစ်ပတ်ကုန်တွင် အစ္စရေးလေးဦးနှင့် အစားထိုးလဲလှယ်ရန် ပါလက်စတိုင်းအကျဉ်းသား ၂၀၀ ကို လွှတ်ပေးမည်ဟု ဆိုလိုရာရောက်သည်။

သို့သော် အချို့သောသတင်းများအရ ဤစာရင်းသည် စစ်ပြေငြိမ်းရေးသဘောတူညီချက်၏ စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိဘဲ အစ္စရေးဘက်မှ လွှတ်ပေးရန်အတွက် လတ်တလောစာရင်းတွင် အရပ်သားများ ပါဝင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**Mon**



၂၀၂၄ ခုနှစ် ကမ္ဘာ့အနီးကပ်ဓာတ်ပုံပြိုင်ပွဲတွင် အထူးဆုချီးမြှင့်ခံရသော အသက် ၁၄ နှစ်အရွယ် စပိန်နိုင်ငံသား အန်ဒရက်စ်လွစ်စ် ဒိုမင်းဂက်စ်ဘာလန်ကို၏ ပျားစာငှက်ဓာတ်ပုံကို တွေ့ရစဉ်။ **Mon**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တရုတ်နှစ်သစ်ကူးအကြို အထိမ်းအမှတ် မင်္ဂလာမန္တလေး မိသားစုမှ ကျင်းပသည့် စတုဒိသာအလှူပွဲသို့ တက်ရောက်အားပေး



**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး Lotus Plaza တွင် ကျင်းပသည့် မင်္ဂလာမန္တလေး မိသားစု၏ တရုတ်နှစ်သစ်ကူးအကြို အထိမ်းအမှတ် လူဦးရေ ၃၃၅၀ဦးကျော်အား ပေးအပ်သည့် စတုဒိသာအလှူပွဲသို့ တက်ရောက်အားပေးခဲ့သည်။

အဆိုပါစတုဒိသာအလှူပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms.Gao Ping၊ နယူးစတားလိုက်ကုမ္ပဏီအုပ်စု၊ မင်္ဂလာမန္တလေး ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများက သတ်မှတ်နေရာများမှနေ၍ အတူတကွ ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ယနေ့ ကျင်းပသည့် အစီအစဉ်သည် နှစ်သစ်တွင် ကောင်းခြင်းမင်္ဂလာနှင့် ပြည့်စုံပါစေဟူသော ချစ်ခြင်းမေတ္တာဖြင့် ပြုလုပ်သည့်ပွဲဖြစ်ပြီး လူဦးရေ ၃၃၅၀ဦးအား ငွေကျပ် ၅၀၀၀ ဈေးဝယ်ကူပွန်အပါအဝင် စတုဒိသာစားသောက်ဖွယ်ရာ (၂၁)မျိုး စုစုပေါင်း ငွေကျပ် သိန်း ၁၂၈၀ တန်ဖိုးရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀





## ဆောင်းရာသီကာလ ကွမ်းရွက်ဈေးကောင်းရရှိ၍ တစ်နိုင်တစ်ပိုင်ကွမ်းစိုက်ပျိုးသည့်တောင်သူများ ဝင်ငွေတိုးပွား

**ပွင့်ဖြူ ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းရာသီကာလ ကွမ်းရွက်ဈေးများ ဈေးကောင်းရရှိလာ၍ တစ်နိုင်တစ်ပိုင် ကွမ်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံက သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ အညာကျေးလက်နေပြည်သူများသည် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ဖြင့်(နွေ၊ မိုး၊ ဆောင်း)စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံများစိုက်ပျိုးရာတွင် မိသားစုနေ့စဉ်ဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံနှင့် ဘုရားပန်းမျိုးစုံတို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ အချို့တောင်သူများက ဝင်ငွေတိုးပွားရေးအတွက် မိမိတို့၏နေအိမ်ဝိုင်း မြေကွက်လပ်များတွင် တစ်နိုင်တစ်ပိုင် ကွမ်းစိုက်ပျိုးရေးလုပ်ငန်းကို စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေအဆင်ပြေသဖြင့် ကွမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ယခုနှစ် ဆောင်းရာသီတွင် ကွမ်းကုန်သည်များနှင့် ကွမ်းယာဆိုင်လုပ်ငန်းရှင်များက ကွမ်းရွက်များကို ဈေးကောင်းပေးဝယ်ယူကြသဖြင့် တစ်နိုင်တစ်ပိုင် ကွမ်းစိုက်ပျိုးတောင်သူများ ဝင်ငွေကောင်းပြီး စီးပွားရေးအဆင်ပြေလျက်ရှိသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်က စိုက်ပျိုးရေအဆင်ပြေတော့ ဒေသခံပြည်သူတွေက တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ဒီအချိန်က ဆောင်းရာသီဆိုတော့ ကွမ်းဈေးကောင်းပြီး ဒေသတွင်းကကွမ်းစိုက်တောင်သူတွေ ဝင်ငွေကောင်းကြတယ်။ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းက စိုက်ပျိုးပြီး တစ်လခွဲအကြာမှာ ခေါင်ညွှန့် နှိမ်ပေးရပြီး သုံးလအကြာမှာ ရောင်းတန်းဝင် ကွမ်းရွက်ကို စတင်ဆွတ်ခူးရောင်းချရပါတယ်။ မိုးရောဂါမဝင်အောင် အထူးဂရုစိုက်ပေးရတဲ့အပြင် အပင်ခြေရေမဝပ်စေအောင် ပြုပြင်ပေးရပါတယ်။ ဒါမှသာ စိုက်ပျိုးပြီးချိန် အပင် သေတာတို့၊ အရိုးပုပ်တာတို့၊ အမြစ်ဆွေးဝင်တာတို့ မဖြစ်တော့ဘူးပေါ့။ နှစ်စဉ် ဆောင်းရာသီချိန်ဆိုရင် ကွမ်းရွက်ဈေးက ဈေးကောင်းရတာဖြစ်လို့ တောင်သူတွေက မုန်းချောင်းရေနဲ့ မြေအောက်ရေတို့နဲ့ ကွမ်းစိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးကြတယ်။ လက်ရှိမှာ ကွမ်းဈေးက ကွမ်းနဝါတစ်ပိဿာကို အမြင့်ဆုံးဈေး ငွေကျပ် ၂၈၀၀၀ မှ အနိမ့်ဆုံး တစ်ပိဿာ ငွေကျပ် ၂၀၀၀၀ ဈေးနဲ့ ရောင်းချနေရတယ်။ ရိုးရိုးကွမ်း(ကွမ်းစိမ်း)က တစ်ပိဿာကို ငွေကျပ် ၁၂၀၀၀၊ ၁၃၀၀၀ ဈေးနဲ့ ရောင်းချရတယ်။ ဒါကြောင့် ကျွန်တော်တို့ဒေသမှာ တစ်နိုင်တစ်ပိုင် ကွမ်းစိုက်ပျိုးတဲ့တောင်သူတွေ ကွမ်းရွက်ဈေးကောင်းရရှိလို့ ဝင်ငွေကောင်းပြီး စီးပွားရေးတွက်ခြေကိုက်နေကြတယ်" ဟု ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ရွာမှ တစ်နိုင်တစ်ပိုင် ကွမ်းစိုက်ပျိုးသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ကွမ်းစိုက်ပျိုးရေးလုပ်ငန်းကို ဝဲဒေါင့်ကျေးရွာ၊ သမန်းရင်းကျေးရွာ၊ ဒေးဒရဲကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် ဒေသခံတောင်သူများက တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားစေရန် အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ကွမ်းခြံများ အောင်မြင်ဖြစ်ထွန်း၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၄၄၅)

## ပြန်/ဆက်ဦးစီးဌာန (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ၁၉၉၁ နှစ် ဇန်နဝါရီ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဇန်နဝါရီ ၂၄ ရက်တွင် (၃၄)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြန်/ဆက်ဦးဌာနသည် ပြည်သူ အသိပညာပေးလုပ်ငန်းများကို အဓိကဆောင်ရွက်ရသည့် ဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်(Community Centre)အား ပြည်သူလူထုက စိတ်ဝင်စားသော အကူအညီတောင်းခံနိုင်သော ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သော နေရာ၊ ပြည်သူများအမှန်တကယ် ရင်းနှီးကျွမ်းဝင်ပြီး ဝင်ထွက်သွားလာနိုင်သည့်နေရာ၊ ပြည်သူများ အသိပညာ ဆည်းပူးရာနေရာ၊ သတင်းအချက်အလက်များ ရယူရာနေရာ၊ ပြည်သူများ အပန်းဖြေရာနေရာအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေး လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများဖြင့် ပူပေါင်း၍ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ စာဖတ်ဝိုင်းများ၊ လူငယ်စကားဝိုင်းများနှင့် အခြားအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၀ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။




အဆိုပါအခမ်းအနားသို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ပြီး ဆုရရှိသူများကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နောင်နောင်(မိသနိုးမြေ)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် ၂၀၂၅ နှစ်ဦး ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် ၂၀၂၅ ခုနှစ် နှစ်ဦးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစုပါစင်တာ ၄ လွှာ၊ MRCCI အသင်းရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့် တာဝန်ရှိသူများ၊ MRCCI အသင်း ဂုဏ်ထူးဆောင်နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များနှင့် ညီနောင်အသင်းများမှ အသင်းသား၊ အသင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် MRCCI အသင်းသည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကို ကိုယ်စားပြုသော အမြတ်အစွန်းရယူခြင်း မရှိသည့် စီးပွားရေးအဖွဲ့အစည်းဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ရေရှည်ရပ်တည်နိုင်စေရန်နှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၏ မူဝါဒများကို အလေးထားလိုက်နာပြီး MRCCI အသင်း၏ ရည်မှန်းချက်များ ပြည့်မီအောင်၊ လုပ်ငန်းပိုင်းဆိုင်ရာ၊ ဥာဏ်ပိုင်းဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စုစည်းညီညွတ်စွာဖြင့် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

၎င်းနောက် MRCCI အသင်းမှ ဂုဏ်ထူးဆောင်နာယကနှင့် ဥက္ကဋ္ဌတို့က အသင်းနှင့်ပတ်သက်၍ အမှာစကားများပြောကြားပြီး အထွေထွေအတွင်းရေးမှူးက အသင်း၏ ၂၀၂၃-၂၀၂၄ ခုနှစ် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူခဲ့သည်။

ဆက်လက်၍ MRCCI အသင်း၏ ၂၀၂၅-၂၀၂၇ခုနှစ် သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခံ ဥက္ကဋ္ဌ ဦးတင်လတ်ထံ အသင်းပိုင် ငွေစာရင်းနှင့် ပုံသေပိုင်ပစ္စည်းစာရင်းများ လွှဲပြောင်းပေးအပ်ခြင်း၊ ၂၀၂၀-၂၀၂၃ခုနှစ် သက်တမ်း အလုပ်အမှုဆောင်၊ အမှုဆောင်များမှ နုတ်ထွက်ခြင်းများကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပြီးနောက် MRCCI အသင်း ဥက္ကဋ္ဌ ဦးတင်လတ်က နှုတ်ခွန်းဆက်စကားများပြောကြားခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၅ခုနှစ် နှစ်ဦးဈေးရောင်းပွဲတော်ကျင်းပနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့မှ (၁၄)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားဇောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၂၇ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းရွာ၊ ရွာလယ်ဓမ္မာရုံတွင်လည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြို့ပတ်လမ်းအနီး၊ နည်းပညာတက္ကသိုလ်ကျောင်းရှေ့တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၉ရက်တွင် တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်တွင် ရပ်နားပြီး ဇန်နဝါရီ ၃၁ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ ဏ္ဍာ ရာဇ် များ (၁၀၆)

## သွယ်အောင်

ယခုတစ်ခေါက်(ရွှေခြံမြို့)မြင်းခြံကို ရောက်ရှိရခြင်းသည် ဒုတိယအခေါက်ဖြစ်သည်။ ပထမဆုံးရောက်ဖြစ်သည်က ၁၉၈၆-၈၇ တက္ကသိုလ်နောက်ဆုံးနှစ်တက်နေစဉ်က ဖြစ်သည်။ ထိုစဉ်က သူငယ်ချင်းနီမင်း အိမ်သို့ အလည်ရောက်ပြီး နီမင်းနှင့်ပတ်သက်ပြီး ကဗျာဆရာမြေနှိုင်းနှင့်ကဗျာဆရာမောင်လူမိုက်တို့ကို သိခွင့်ရကာ ခင်မင်ခဲ့ရသည်။

မြင်းခြံမြို့ရောက်ရောက်ခြင်း အိမ်မှ ခိုင်းလိုက်သည့် ဖိနပ်ဖိုးရောင်းရငွေသွားယူရာ ချက်ချင်းမရသဖြင့် မြင်းခြံမြို့သို့ တစ်ညအိပ်ဖို့ ကြုံလာသည်။ ထို့ကြောင့် ကျွန်တော်လည်း မြင်းခြံနာရီစင် ပန်းခြံအနောက်ဘက်(၁၃)ရပ်ကွက်ရှိ သူငယ်ချင်းနီမင်းအိမ်သို့ သွားကာ တစ်ညတာနားခိုရန် သူငယ်ချင်းအိမ်သို့ ရောက်ရှိခဲ့သည်။ ထိုအိမ်သို့ ကျွန်တော်ရောက်ပြီး နီမင်းမရှိတော့မှန်းသိ၍ လှည့်ပြန်မည်အပြု နီမင်းမိဘများက တည်းခိုခွင့်ပေးခဲ့၍ တစ်ညတာတည်းခိုဖြစ်ခဲ့သည်။ ဤတွင် ကျွန်တော်၏ကြင်ယာဖက်ဖြစ်လာမည့် ဖူးစာရှင်ကို တွေ့ရှိခဲ့ရသည်။ သူငယ်ချင်း နီမင်း၏ညီမဖြစ်သူနှင့် ကျွန်တော် မျက်လုံးချင်း ဖြတ်ခနဲဆုံမိပြီး ရင်ခုန်သံချင်း နီးစပ်သွားကာ ချစ်သူများဘဝသို့ အလိုလို ပြဋ္ဌာန်းသတ်မှတ်ပြီး ဖြစ်သွားသည်။ သူမမှာ မန္တလေးတက္ကသိုလ် သတ္တဗေဒဖြင့် တတိယနှစ် ဖြေဆိုပြီးချိန်ဖြစ်၍ အိမ်မှာ တွေ့ရှိခဲ့ခြင်း ဖြစ်လေသည်။

ကျွန်တော် မန္တလေးသို့ပြန်ရောက်ပြီး မကြာခင် တက္ကသိုလ်အောင်စာရင်းများထွက်သဖြင့် ကျွန်တော်၏ဖူးစာရှင် ရွှေခြံသူလေး၏ အောင်စာရင်းကို သွားကြည့်ပေးပြီး ဂုဏ်ထူးများဖြင့် အောင်ကြောင်း သူမဆီ လှမ်းအကြောင်းပြန်ဖြစ်သည်။ သူမဆီမှ ကျေးဇူးတင်ဝမ်းသာကြောင်း ပြန်စာနှင့်အတူ မကြာမကြာ အပြန် အလှန် ကြည်နူးရင်ခုန်ဖွယ်စာများ ရေးဖွဲ့ဖြစ်နေမိကာ ကျွန်တော်လည်း ကဗျာအရေးကျဲသွားတော့သည်။

ကျွန်တော်၏ဖူးစာရှင်ရွှေခြံသူ မန္တလေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းလာတက်သောအခါ သူမနေသော ဇောတိကုန်း ဗန်းမော်တိုက်လမ်းထဲမှ အဆောင်သို့ ညနေပါလာချိန်(ဧည့်တွေ့ချိန်)တိုင်း ရောက်ဖြစ်နေတော့သည်။

သူမ နောက်ဆုံးနှစ်တက်နေစဉ်မှာ နောက်ထပ်သင်တန်းတစ်ခုတက်ဖြစ်သည့်အကြောင်း ကျွန်တော့်ကိုပြော၍ ကျွန်တော်က အံ့သြသွားသည်။ ယင်းသင်တန်းမှာ မန္တလေးသူနာပြုသင်တန်းဖြစ်ပြီး သုံးနှစ်တက်ရမည်ဖြစ်ကာ တက္ကသိုလ်ကျောင်းတက်နေရင်းဖြင့် တစ်ပြိုင်တည်းတက်မည်ဆို၍ အံ့သြမိခြင်းလည်း ဖြစ်သည်။

ကျွန်တော်က သူမကို 'ဖြစ်ပါ့မလား၊ သူနာပြုသင်တန်းကျောင်းက စာတွေနဲ့ တက္ကသိုလ်က စာတွေ လိုက်နိုင်ပါ့မလား'ဟု စိုးရိမ်စိတ်ဖြင့် မေးမိသည်။

သူမက အပြုံးမပျက်၊ 'ဖြစ်အောင် ကြိုးစားရမှာပဲ'၊ 'ဘဝအတွက် အာမခံချက်ရှိအောင် လုပ်ရမယ်'ဟု ပြန်ဖြေသောကြောင့် သူမ၏ ဇွဲ၊ သတ္တိကို ကျွန်တော့်စိတ်ထဲမှ ကြိတ်၍ ချီးကျူးမိသည်။

ဤသို့ သူမကျောင်းနှစ်ကျောင်း တစ်ပြိုင်တည်းတက်ဖို့ကြိုးစားနေစဉ် တက္ကသိုလ်ကျောင်းရှေ့ ၇၃ လမ်းပေါ်တွင် မြင်းမူမြို့မှ ကိုနေဝင်း(ချမ်းမင်းအိမ်)နှင့် တွေ့ဆုံဖြစ်သည်။ ချမ်းမင်းအိမ်မှာ ကျွန်တော်ထက် ၂ နှစ် ၃ နှစ်ကြီးသော်လည်း ကျွန်တော်က သူ့ကို ရင်းရင်းနှီးနှီးပဲ မင်းနှင့်ငါနှင့် ပြောဆိုဖြစ်သည်။ သူက ကျွန်တော်ဆယ်တန်းမအောင်ခင် မန္တလေးဒေသကောလိပ်သို့ အစောဆုံးရောက်လာပြီး (လှသူ)ကလောင်ဖြင့် ကဗျာတွေ စာတွေရေးသည်။ သူ့ကို ဒေသကောလိပ်တက်စဉ်ကတည်းက အောင်ဂျမ်းတို့ မိသားစုထမင်းဆိုင်လာစားသောကြောင့် ခင်မင်ခဲ့ရသည်။

နောက်ပိုင်း သူ့ကို ပို၍ ခင်မင်သွားရသည်မှာ ဒေသကောလိပ်တက်နေစဉ် စာကဗျာများအရေးကောင်း၍ ၂ နှစ်ဆက်တိုက် စာမေးပွဲကျသွားပြီး External တက္ကသိုလ်ပြင်ပသို့ ရောက်ရှိသွားသောကြောင့်ဖြစ်သည်။ ကိုနေဝင်း(လှသူ(ခေါ်)ချမ်းမင်းအိမ်)ကို တက္ကသိုလ်ကျောင်းရှေ့ ၇၃လမ်းပေါ်တွင် တွေ့၍ နှစ်ယောက်သား ကျောင်းနားက လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသည်။ ချမ်းမင်းအိမ်က ၃၇လမ်း၊ ၇၃လမ်းထောင့်က အဆောင်တစ်ခုမှာ အဆောင်ငှားနေကြောင်း ပြောသဖြင့် နောက်ရက်များတွင်လည်း တက္ကသိုလ်ဘက်ရောက်တိုင်း သူ့အဆောင်သို့ ဝင်ဖြစ်သည်။

ချမ်းမင်းအိမ်မှာ ကိုကျော်စွာထက်နှင့်လည်း တစ်မြို့တည်းနေသည့် သူငယ်ချင်းများဖြစ်ပြီး ချမ်းမင်းအိမ်အဆောင်သို့ မကြာခဏရောက်ဖြစ်နေမိသည်။

တက္ကသိုလ်တက်နေစဉ်ကာလက မြန်မာစာဌာနမှ ဆရာဦးသန်းဆွေ(လင်းဝေ)နှင့် သူငယ်ချင်းမောင်ယဉ်နိုင်(မုံရွာ)၊ အောင်ဂျမ်း၊ မောင်မြင့်သစ်တို့နှင့် ကဗျာစာအုပ်ထုတ်ဖို့ ကြိုးစားခဲ့ကြပြီး စာအုပ်မထွက်ဖြစ်သောကြောင့် ချမ်းမင်းအိမ်နှင့်ပေါင်းပြီး ဝတ္ထုစကားပြေစာအုပ်ကလေးထုတ်ဖို့ အားထုတ်ဖြစ်သည်ကိုလည်း အမှတ်ရနေမိသည်။

စာအုပ်မှာ ကျွန်တော်ကြိုက်နှစ်သက်သော စာရေးဆရာများထံမှ စာမူများတောင်းပြီး ထုတ်ဝေဖို့ဖြစ်သည်။ ချမ်းမင်းအိမ်က 'ကျွန်တော့်အား ဘယ်စာရေးဆရာတွေနဲ့ နင်က ထုတ်ချင်တာလဲ'ဟု မေးသည်။

ကျွန်တော်က စာအုပ်ထဲပါမည့် စာရေးဆရာကလောင်တွေကို ရွတ်ပြလိုက်သည်။ ကျွန်တော်၊ ချမ်းမင်းအိမ်၊ နေမျိုး၊ ကျော်စွာထက်၊ သစ္စာနီ၊ သိုက်ထွန်းသက်၊ ဂျူး၊ စုထား၊ မကို၊ ပိုင်စိုးဝေတို့ ဖြစ်သည်။

ချမ်းမင်းအိမ်က ကျွန်တော်ထုတ်ဝေချင်သော စာရေးဆရာများကို သဘောတူကာ စာအုပ်အတွက် နာမည်ပေးဖို့ ကျွန်တော့်ကို စဉ်းစားခိုင်းသည်။

ကျွန်တော်က ခေတ်ပေါ်မော်ဒန်အငွေ့အသက်များနှင့် ခံစားမှုအားကောင်းသော စာရေးဆရာများဖြစ်၍ 'ပဥ္စလက်မီးအိမ်'အမည်နှင့်ထုတ်ချင်ကြောင်းပြောရာ 'ကောင်းသားပဲ'ဟု ဆိုသဖြင့် နောက်ရက်တွင် စာမူများရဖို့ ဆရာ၊ ဆရာမများထံ လိုက်တောင်းဖြစ်သည်။

ထိုစာအုပ်အတွက် စာမူ ၃ ပုဒ်အစောဆုံး လက်ခံရရှိခဲ့သည်။ ပထမဦးဆုံးရရှိသော စာမူမှာ သူငယ်ချင်းစာရေးဆရာမ(ဖြူဖြူဝင်း)မကိုဆီမှ ဖြစ်သည်။ သူ့စာမူမှာ 'လွင့်မျောမှုစည်းရိုး'ဆိုသည့် ဝတ္ထုဖြစ်ပြီး ဒုတိယရရှိသော စာမူမှာ ရန်ကုန်မှဆရာသစ္စာနီ၏စာမူဖြစ်သည်။ ကိုကျော်စွာထက် ရန်ကုန်သွားစဉ် (ကိုရဲ) ဆရာသစ္စာနီဆီမှ ဝတ္ထုစာမူ ယူပေးပါရန် အကူအညီတောင်းသဖြင့် ကိုကျော်စွာထက် ယူလာပေးသော 'လိပ်ပြာ'အမည်ရှိ ဝတ္ထုစာမူ ဖြစ်သည်။

ထိုစဉ်က ကွန်ပျူတာစာစီခေတ်မဟုတ်ဘဲ စာရေးဆရာများ၏ လက်ရေးမူများဖြစ်သည်ကိုလည်း ကောင်းကောင်းကြီးမှတ်မိနေသည်။ ကဗျာဆရာ၊ စာရေးဆရာများ၏ လက်ရေးအတော်များများမှာ လှပသေသပ်ကြသည်က များသည်။ ဆရာမောင်သာရ၏ လက်ရေးစာမူကိုလည်း တွေ့မြင်ဖတ်ရှုဖူးရာ အလွန်လှပသော လက်ရေးဖြစ်သည်။ (ကိုရဲ)ဆရာသစ္စာနီ၏ လက်ရေးမှာလည်း စိတ်ဝင်စားဖွယ်ကောင်းပြီး ညီညာလှပသော လက်ရေး ဖြစ်သည်။

တတိယမြောက်ရရှိသော စာမူမှာ (ကိုသိုက်) ဆရာသိုက်ထွန်းသက်၏ စာမူဖြစ်သည်။ ကိုသိုက် စာမူရရှိခဲ့သည့် နေ့ကို ကောင်းကောင်းကြီးမှတ်မိနေသည်။ ၃၅လမ်း၊ ၈၂လမ်းထောင့်ရှိ 'ချိန်တန်ပြီ'လက်ဖက်ရည်ဆိုင်မှာ ချိန်းဆို၍ စာမူလက်ခံရရှိခဲ့ခြင်း ဖြစ်သည်။

ကိုသိုက်သည် သူ၏လက်စွဲတော် စက်ဘီးကြီးဖြင့် ချိန်တန်ပြီ လက်ဖက်ရည်ဆိုင်သို့ ရောက်လာပြီး သူ့လွယ်အိတ်ထဲမှ ဝတ္ထုစာမူကို ထုတ်၍ ကျွန်တော့်အား ပေးသည်။ 'ကွင်းပြင်'အမည်ရှိ ဝတ္ထုစာမူ ဖြစ်သဖြင့် ကျွန်တော်က ထိုစာမူကို ဖတ်ကြည့်နေရာ (ကိုသိုက်)ထံမှ စကားတစ်ခွန်းကြားရသည်။

'ကိုသွယ်အောင်··· ကျွန်တော့်ဝတ္ထုအမည် 'ကွင်းပြင်'ဆိုတာ သိပ်ရိုးနေသလားလို့ ဘယ်လိုသဘောရသလဲ···'

'ဟုတ် ကိုသိုက် ကျွန်တော်စာမူပြီးအောင် ဖတ်ကြည့်လိုက်ပါဦးမယ်'

စာမူအကြောင်းအရာမှာ ရပ်ကွက်ထဲတွင် ရှိသော ကွင်းပြင်တစ်ခုသို့ ရပ်ကွက်ထဲရှိ ကလေးများက ဘောလုံးဆော့ကစားခြင်း၊ စွန်လွှတ်ခြင်းတို့ဖြင့် ပျော်ရွှင်နေသည်တို့ကို ရေးဖွဲ့ထားပြီး နှစ်အနည်းငယ်ကြာသောအခါ ထိုကွင်းပြင်ပျောက်သွားပြီး တိုက်တာအဆောက်အအုံများ ရောက်ရှိလာပုံကို ရေးဖွဲ့ထားခြင်းဖြစ်လေသည်။ ထိုဝတ္ထုထဲမှ ဇာတ်ကောင်က ထိုကွင်းပြင်လေးကို ပြန်လည်လွမ်းဆွတ်နေကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ကျွန်တော်က ဝတ္ထုကိုဖတ်ပြီး ကိုသိုက်ကို ပြန်မေးလိုက်သည်။

'ကိုသိုက်က ကွင်းပြင်အစား ဘယ်အမည်သုံးချင်လို့လဲ'

'အင်း မြင်ကွင်းတို့ ရှုခင်းတို့ ပြောင်းလိုက်ရမလားလို့'

ကိုသိုက်စကားအဆုံး ကျွန်တော်က မြင်ကွင်း၊ ရှုခင်းဆိုတာထက် ကွင်းပြင်အမည်ကိုပဲ နှစ်သက်ကြောင်း ပြောပြီး ကိုသိုက်အား စာမူခဥာဏ်ပူဇော်ခငွေကျပ် ၂၀၀၀ ပေးကာ စာမူရရှိခဲ့ပါသည်။ သူက စာအုပ်မထွက်သေးခင် ကျွန်တော့်ဆီက စာမူခရယူသည်ကို အားနာနေပြီး တုံ့ဆိုင်းခိုင်းဖြစ်နေသည်။

'စာအုပ်မထွက်ခင် စာမူခပေးတဲ့အတွက် ယူရတာ အားနာပါတယ်ဗျာ'

'ကိစ္စမရှိပါဘူး ရပါတယ်၊ ယူထားလိုက်ပါ'

လအတော်ကြာသွားတော့ ချမ်းမင်းအိမ်က ရန်ကုန်ပြောင်းသွားသည်။ ကျွန်တော်လည်း တစ်ယောက်ထဲ ငွေအားနှင့်မနိုင်သဖြင့် 'ပဥ္စလက်မီးအိမ်' စာအုပ်ထုတ်ဖို့ ကြန့်ကြာသွားကာ စာအုပ်ထုတ်ဝေဖို့ ရပ်ဆိုင်းသွားခဲ့သည်။ စာအုပ်မထုတ်ဖြစ်တော့သဖြင့် ကျွန်တော့်ဆီ ပေးထားသော စာမူ ၃ ပုဒ်ကို ကာယကံရှင်တွေဆီ တောင်းပန်ကာ ပြန်ပေးလိုက်သည်။

ဤတွင်(ကိုသိုက်)ဆရာသိုက်ထွန်းသက်က ကျွန်တော့်ဆီက စာမူခကြိုယူထားသဖြင့် ကျွန်တော့်ကို ပြန်ပြီး အားနာမိကာ ငွေပြန်ပေးရမလို ဖြစ်နေသောကြောင့် ကျွန်တော်က ကိုသိုက်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောရတော့သည်။

'ဩော်···ကိုသိုက်၊ ကျွန်တော်ပေးထားတဲ့ စာမူခ ၂၀၀၀ ပြန်ပေးဖို့မလိုဘူးနော်··· ကျွန်တော့်ဘက်က စာအုပ်ထုတ်ဝေဖို့ ပျက်ကွက်ခဲ့တာလေ၊ အဲ··· အဲဒီစာမူကိုလည်း ကိုသိုက်ကြိုက်တဲ့ မဂ္ဂဇင်းပို့လို့လည်း ရတယ်နော်'

ကိုသိုက်က ကျွန်တော့်ကို ပြုံးကြည့်ပြီး 'အေးပါကွာ နောင် ကိုယ့်ဆီက စာမူလိုရင်လည်း ပြောနော် အချိန်မရွေးပါ။ ရေးပေးဖို့ အဆင်သင့်ပါပဲ'ဟု ပြောသည်။

ထိုစဉ်က ကျွန်တော်တို့ ကဗျာတစ်ပုဒ်ကို စာမူခ ငွေကျပ် ၅၀ မျှသာ ရရှိကြပြီး နာမည်ရကဗျာဆရာကြီးများက ကဗျာတစ်ပုဒ်ကို ၁၀၀ ကျပ် ရရှိကြပြီး အချို့ကဗျာဆရာများက '၁၀၀ မပေး ကဗျာမရေး'ဟုပင် အသံများထွက်နေသောကာလဖြစ်သည်။ ဝတ္ထုစာမူခမှာ ငွေကျပ်တစ်ထောင်ဖြစ်သဖြင့် ကဗျာစာမူခနှင့်ဝတ္ထုစာမူခသိသိသာသာ ကွာခြားနေတော့သည်။ ကျွန်တော့်က လုံးချင်းဝတ္ထုစုပေါင်းထုတ်သောကြောင့် မဂ္ဂဇင်းစာမူခထက် ငွေကျပ်တစ်ထောင်ပိုပေးကာ ငွေကျပ် ၂၀၀၀ ပေးခြင်းဖြစ်ပါသည်။



## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အ·ထ·က(၂၄)ကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၁၈) မူးယစ်တပ်ဖွဲ့စု၊ တပ်ဖွဲ့စုမှူး ရဲမှူး နိုင်အောင်ခိုင်က ဘိန်းဖြူသုံးစွဲခြင်းနှင့်ပတ်သက်၍ ဟောပြောပြီး အမှတ်(၉၀) ယာဉ်ထိန်းတပ်ဖွဲ့စု နယ်မြေမှူး ဒုရဲမှူး ငွေထွန်းက ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးနှင့်ပတ်သက်၍ ဟောပြော ခြင်း၊ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်မှူး ရဲအုပ် ကိုကိုမျိုးကလည်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အသိပညာပေးခြင်းများကို အသီးသီး ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မူးယစ်တပ်ဖွဲ့စု၊ တပ်ဖွဲ့စုမှူး ရဲမှူး၊ ယာဉ်ထိန်းတပ်ဖွဲ့စု နယ်မြေမှူးဒုရဲမှူး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်မှူး ရဲအုပ်၊ အ·ထ·က(၂၄) ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၅၆)**





## ဌာနဆိုင်ရာဝန်ထမ်းများအား စားသုံးဆီ ဈေးနှုန်းသက်သာစွာ ရောင်းချ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ဌာနဆိုင်ရာ ဝန်ထမ်းများအား စားသုံးဆီ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ရောင်းချပေးသည်။

အဆိုပါ စားသုံးဆီများ ရောင်းချပေးနေခြင်းကို တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ကြီးကြပ်ပြီး ဆီတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ဖြင့် ဝန်ထမ်းတစ်ဦးလျှင် ဆီတစ်ပိဿာနှုန်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**

## ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း စာတမ်းဖတ်ပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းသည် ပြန်ကြားရေးဝန်ကြီးဌာန မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဆရာမ ဒေါ်မမနိုင်(မန္တလေးရုပ်သေး)ထံက သိရသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ဆရာမ တင်မမခိုင်(မန်းတက္ကသိုလ်)က "မြန်မာ့ယဉ်ကျေးမှု ပြက္ခဒိန်ရာဇဝင်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာ စိုင်းအောင်မိန်း(မိုတိုင်း)က "မြို့တော်မန္တလေးနှင့် မြန်မာမှုဗိသုကာဒီဇိုင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများ ဖတ်ကြားကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း၊ စာတမ်းဖတ်ပွဲကိုလည်း လစဉ် လတစ်လ၏ နောက်ဆုံးအပတ် သောကြာနေ့တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**PNT**

## စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဒက္ခိဏခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များ စာအုပ်၊ စာပေများ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် အသိပညာ ဗဟုသုတများတိုးပွားလာပြီး ဗလငါးတန်နှင့် ပြည့်စုံစေရန် ရည်ရွယ်၍ ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဒက္ခိဏခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော် စာပေဝိုင်းမှ စာရေးဆရာ မောင်လေပြေ(တောင်တွင်း)၊ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနား ကျင်းပဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် စာပေဝိုင်းမှ စာရေးဆရာ မောင်လေပြေ(တောင်တွင်း)က အနာဂတ် လှဖို့ စာဖတ်ကြစို့ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လောင်းရိပ်ပန်း

* လဲကျသွားရင်
ကိုယ့်လုံ့လနဲ့
ပြန်ထလိုက်ပါ ။

* ဟိုလူ
လာကူ နိုးနိုး
ဒီလူ
လာထူ နိုးနိုး
မျှော်လင့်ချက်ထား မကိုးစားဘဲ
ကိုယ့်အား ကိုယ့်မာန် ကိုယ်ပိုင်ဟန်နဲ့
ရန်းကန်ကြိုးစားပြစမ်းပါ ။

* အဲဒီလိုသာ
နေရာတိုင်းမှာ
လူတကာရဲ့ အား
အငှားရယူ
အကူကိုစောင့်
သက်သောင့်သက်သာ
နေ နေပါရင်
ကိုယ့်မှာရှိအပ်
စိတ်ဓာတ်ခွန်အား
လျှော့ပါးကျဆင်း
ဖြည်းဖြည်းချင်းနဲ့
ညှိုးဖျင်းစိတ်ဝင်
လူစင်မမီ
ကြုံလိုခြောက်ခန်း
လောင်းရိပ်ပန်းလို
ညှိုးနွမ်းပျက်စီးသွားလိမ့်မယ် ။ ။

**ချမ်းမြေ့မိုး(မန္တလေး)**

## ဥတုရာသီ ထောက်ကို မှီ၏ ။



# တိပိဋကဓရ တိပိဋကကောဝိဒ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၂)ရက်(စနေနေ့) ၂၅-၁-၂၀၂၅ ရက်၊ နံနက် ၀၈:၀၀ နာရီ အချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ နှစ်ဖွဲ့ပေါင်း (၂/၇၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းကို ထုတ်ပြန်လိုက်သည် -

**သဘောရေးဖြေအောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာ(ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေအောင် အဘိဓမ္မကောဝိဒ**

**တိပိဋကဓရ တိပိဋကကောဝိဒ (၁)ပါး**

၁။ ပလ္လင်အမှတ် (၂၇၄) အရှင်သေဋ္ဌညာဏာလင်္ကာရ၊ အသက်(၄၅)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်**

**ဒီဃနိကာယကောဝိဒ(၂)ပါး**

၁။ ပလ္လင်အမှတ် (၃၁၅) အရှင်ပညာဓဇာလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၂၂) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင်**

**ဝိနယကောဝိဒ (၁)ပါး**

၁။ ပလ္လင်အမှတ် (၃၈၃) အရှင်လာဘာသာမီလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင်**

**ဥဘတောဝိဘင်္ဂကောဝိဒ (၇)ပါး**

၁။ ပလ္လင်အမှတ် (၃၉၂) အရှင်နန္ဒိယ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၄၄၅) အရှင်လက္ခဏာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၄၅၅) အရှင်သိရီညာဏာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၄၆၉) အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ
မစိုးရိမ်တိုက်သစ်၊ ဓမ္မဒါယာဒကျောင်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၄၇၅) အရှင်တိလောကာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၄၉၂) အရှင်ဇဝန၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၄၉၇) အရှင်အဂ္ဂညာဏာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဘဒ္ဒန္တပညိဿရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဥ ယျာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
အကျိုးတော်ဆောင်ဆရာတော်

တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့

## သတင်းပဒေသာ

### ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ယမန်နေ့ မွန်းလွဲပိုင်းက ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ရှာမှီးရရှိစေရန်နှင့် ပါဝင်ယှဉ်ပြိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာအသိပညာပေးဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ လူငယ်များ အားကစားဆိုင်ရာအသိပညာဖွံ့ဖြိုးရေးစေရန် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နည်းစနစ်မှူး ဦးကျော်ဌေးက နွေရာသီကျောင်းပိတ်ရက်တွင် ဖွင့်လှစ်မည့် အခြေခံအားကစားသင်တန်းများကို တက်ရောက်ကြရန်၊ ကျောင်းသား၊ ကျောင်းသူများအား လူငယ်နှင့်အားကစားဆိုင်ရာသိကောင်းစရာများနှင့် အခြေခံအားကစားနည်းများအကြောင်း၊ အသိပညာပေးဟောပြောပြီး ကျောင်းအတွက် အားကစားပစ္စည်းများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်ဆိုင်ရာစွမ်းရည်မြင့်မားရေးပြိုင်ပွဲ ပြုလုပ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအားဖိတ်ခေါ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ဆိုင်ရာ စွမ်းရည်မြင့်မားရေးပြိုင်ပွဲများကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပရာ ပြိုင်ပွဲတွင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်မြစန်းရီက ကလေးငယ်များ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများ ကြွယ်ဝစေရန် ရည်ရွယ်၍ ယခုလိုပြည်သူ့စာကြည့်တိုက်သို့ ဖိတ်ခေါ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြပွဲများ၊ ပြိုင်ပွဲများပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်၍ ကလေးငယ်များအား ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကလေးငယ်များအား ဦးစီးအရာရှိနှင့်ဝန်ထမ်းများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာအုပ်၊ စာစောင် ငှားရမ်းပေးခြင်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်အတွင်းရှိ ဌာနအသီးသီးတို့မှ ဝန်ထမ်းများ စာအုပ်၊ စာစောင်များကို အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံးသို့သွားရောက်၍ နယ်လှည့်စနစ်ဖြင့် စာအုပ်၊ စာစောင် ငှားရမ်းပေးခြင်းများကို လိုက်လံဆောင်ရွက်ခဲ့ကြသည်။ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား သုတ၊ ရသစာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များ သိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### (၄၂)ကြိမ်မြောက် (၁၀)ရက် တရားစခန်းပွဲ ကျင်းပမည်

**စဉ့်ကိုင် ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီး ကျေးရွာအုပ်စု ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာကြီး၌ (၄၂)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၂ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း ရိပ်သာအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌဦးမောင်ထွေး(နေဗွန်ဝမ်းစတား တာယာရောင်းဝယ်ရေး)ထံမှ သိရသည်။

အဆိုပါ ၁၀ရက် တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အရိယဝံသမိုးကုတ်ဝိပဿနာမဂ္ဂင်ရိပ်သာကြီး၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တမာနိတက သစ္စာတရား၊ ဝိပဿနာတရား၊ ခန္ဓာဉာဏ်ရောက်အလုပ်စဉ် အလုပ်ပေး တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုကြသော သံဃာတော်များ၊ သီလရှင်များအနေဖြင့် သာသနာဝင်ကတ်ပြား၊ ယောဂီဝင်များအနေဖြင့် နိုင်ငံခြားစိစစ်ရေးကတ်ပြားများနှင့် မိမိအသုံးပြုရန်လိုအပ်သော ဖျာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ဆေးဝါး အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာကြပါရန်နှင့် တစ်နာရီထိုင်တရား ခြောက်ကြိမ်၊ ဟောတရား နှစ်ကြိမ်၊ စင်္ကြံလျှောက် ၄၅ မိနစ် တစ်ကြိမ်၊ သီလပေး အလုပ်ထိုင်ချိန် တစ်ကြိမ်၊ စုစုပေါင်း ကိုးကြိမ် တရားအားထုတ်ရမည်ဖြစ်ပြီး တရားစခန်းဝင်ယောဂီများအနေဖြင့် ဖေဖော်ဝါရီ ၂ ရက် ညနေ ၄နာရီထက် နောက်မကျစေဘဲ လာရောက်ကြပါရန် တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအလုပ်အမှုဆောင်အဖွဲ့က တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၃)**

# အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ

အထူးသဖြင့် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း တိုးတက်မှုများအပါအဝင် အိန္ဒိယနိုင်ငံ၏ ဘက်စုံတိုးတက်မှု နှင့်ပန်းတိုင်ရောက်ရန်ကြိုးပမ်းမှုများသည် အမှန်တကယ် မှတ်သားဖွယ်ကောင်းပြီး ၎င်း၏ လွတ်လပ်ရေး အနှစ်တစ်ရာပြည့်သည်ကို ဂုဏ်ပြုသည့် ၂၀၄၇ ခုနှစ်တွင် မျှော်မှန်းချက်ပန်းတိုင်ဖြစ်သော (ဖွံ့ဖြိုးတိုးတက်သည့် အိန္ဒိယ) ဖြစ်စေရေးကို ပြီးမြောက်အောင်မြင်ရန် အလွန်အလားအလာကောင်းသော အနေအထားတွင် ရှိထားသည်။

ဝန်ကြီးချုပ်နာရင်ဒြာမိုဒီသည် Bharatiya Janata Party (BJP) အား ၂၀၁၄ ခုနှစ်၏ ပါလီမန်ရွေးကောက်ပွဲတွင် အကြွင်းမဲ့အများစုအနိုင်ရရှိရန်ဦးဆောင်ခဲ့ပြီး လွန်ခဲ့သည့် နှစ် ၃၀ နောက်ပိုင်းတွင် ပါတီတစ်ခုတည်းက အပြတ်အသတ်အနိုင်ရခဲ့သည့် ပထမဆုံးအကြိမ် ဖြစ်သည်။ သူသည် ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲတွင် ပို၍ကြီးမားသော အများစုအနိုင်ရခြင်းနှင့်အတူ စွမ်းဆောင်နိုင်ခဲ့ပြန်သည်။ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးတွင် ရာထူးအာဏာဆန့်ကျင်ရေးလှိုင်းလုံးများကို မြင်တွေ့ရသောအခါတွင် ဝန်ကြီးချုပ်နာရင်ဒြာမိုဒီသည် BJP ၏ မဟာမိတ် မိတ်ဖက်များ၏ ထောက်ခံမှုဖြင့် တတိယအကြိမ်မြောက် အောင်ပွဲဆီသို့ တစ်ဖန်ရောက်ရှိရခဲ့သည်။ ပါလီမန်ရွေးကောက်ပွဲများအပြီးတွင် BJP နှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များသည် Maharashtra နှင့် Haryana ကဲ့သို့သော အဓိကပြည်နယ်များ၏ ရွေးကောက်ပွဲများတွင် ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့ပြီး ပြည်သူလူထုကြားတွင် ၎င်း၏ထောက်ခံမှုကိုပြတ်ပြတ်သားသားပြသခဲ့သည်။ ဒီမိုကရေစီသည် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးရပြီးကတည်းက ငြင်းမရသောခွန်အားနှင့် ရုပ်သဏ္ဍာန်ဖြစ်ပြီး ၎င်း၏ ပြည်သူများအတွက် ငြိမ်းချမ်း၊ တည်ငြိမ်၊ လုံခြုံပြီး ပိုမိုကောင်းမွန်သောဘဝများ ရရှိစေရန် ကြီးစွာသော ကိုယ်စားပြုခဲ့သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များက အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးချဲ့မှုနှင့် မြင့်တက်လာမှုတွင် အံ့သြလေးစားဖွယ်ရာ တိုးတက်မှုကို မြင်တွေ့ခဲ့ရသည်။ ၂၀၁၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒသမမြောက်စီးပွားရေးအကြီးဆုံး နိုင်ငံဖြစ်ခဲ့သည်။ ယနေ့တွင် အိန္ဒိယသည် ကမ္ဘာပေါ်တွင် ပဉ္စမမြောက်အကြီးဆုံးစီးပွားရေးဖြစ်လာရန် နေရာငါးခုသို့ တက်လာခဲ့သည်။ နောက်ထပ်နှစ်နှစ်အကြာတွင် ဂျာမနီနှင့်ဂျပန်တို့ကို ရာထူးမှဖယ်ရှားခြင်းဖြင့် တတိယနေရာသို့ ရောက်ရှိရန် မျှော်လင့်ရသည်။ အိန္ဒိယသည် ယနေ့ခေတ်တွင် ကမ္ဘာပေါ်တွင် အလျှင်မြန်ဆုံး ကြီးထွားလာသည့် အဓိကစီးပွားရေး နိုင်ငံဖြစ်ပြီး ၎င်း၏ GDP သည် ၂၀၂၂ နှင့် ၂၀၂၃ တို့တွင် ၈ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့သည်။ ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းထားသော ကိန်းဂဏန်းမှာ ၆ ဒသမ ၆ ရာခိုင်နှုန်း ဖြစ်သည်။ လာမည့် နှစ်များတွင် အံ့သြဖွယ်နှုန်းထားဖြင့် ကြီးထွားလာပြီး ၂၀၃၀ ပြည့် နှစ်တွင် အမေရိကန်ဒေါ်လာ ၅ ထရီလီယံစီးပွားရေးဖြစ်လာရန် မျှော်လင့်ထားသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဦးဆောင် ညွှန်ကြားရေးမှူးက အိန္ဒိယနိုင်ငံသည် တစ်နည်းအားဖြင့် မှောင်မိုက်နေသော ကမ္ဘာ့စီးပွားရေးပတ်ဝန်းကျင်တွင် မျှော်လင့်ချက်ရောင်ခြည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ GDP ၏ ၇၀ ရာခိုင်နှုန်း နီးပါးသည် ပြည်တွင်းဝယ်လိုအားနှင့် ပုဂ္ဂလိကသုံးစွဲမှုတို့ကြောင့် မြင့်တက်သည်။ ၎င်း၏ GDP သည် အစိုးရအသုံးစရိတ်၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပို့ကုန်များမှတစ်ဆင့်ရရှိခြင်းလည်း ဖြစ်ပါသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် (GST) ကို အကောင်အထည်ဖော်ခြင်းကဲ့သို့ ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးဖြင့် ၎င်းကို ရရှိအောင်မြင်ခဲ့ပါသည်။ GST သည် သွယ်ဝိုက်အခွန်စနစ်အား လွယ်ကူချောမွေ့စေပြီး စီးပွားရေးလုပ်ငန်းများအား အခွန်စည်းကြပ်မှုကို လွယ်ကူမြင့်တင်ပေးသည်။ ထို့အပြင် ဒစ်ဂျစ်တယ်အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများအပါအဝင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှုအပေါ် အလေးပေးမှုသည် လုပ်ငန်းစတင်သူများ ထွန်းကားလာစေရန်နှင့် ဒစ်ဂျစ်တယ်အိန္ဒိယကဲ့သို့ တီထွင်ဆန်းသစ်မှုများဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးကို ချဲ့ထွင်စေခဲ့သည်။ Make in India နှင့် Product Jinked Incentive Scheme ကဲ့သို့သော ဆောင်ရွက်မှုများသည် တိုးတက်မှုကို ရှေ့ရှုရာတွင် အဓိကကျပါသည်။ ထို့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အပေါ် အာရုံစိုက်ခြင်းသည် အိန္ဒိယ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ကတိကဝတ်ကို အလေးပေးဖော်ပြသည်။

အိန္ဒိယသည် ၎င်း၏စီးပွားရေးတိုးမြင့်မှုကို ပံ့ပိုးပေးသည့် ကြီးမားသော လူဦးရေစာရင်းဝေစုကို ရရှိထားသည်။ ၎င်း၏ လူဦးရေ ၆၅ ရာခိုင်နှုန်းခန့်သည် အသက် ၃၅နှစ်အောက်များဖြစ်ပြီး ၅ ရာခိုင်နှုန်းခန့်မှာ ၆၅ နှစ်အထက်များ ဖြစ်သည်။ ပျမ်းမျှအသက်သည် ၂၈ နှစ်ဝန်းကျင်ဖြစ်ပြီး အမေရိကန်နှင့် တရုတ်ကဲ့သို့သော အခြားစီးပွားရေးကြီးများ၏ ပျမ်းမျှအသက်ထက် များစွာနိမ့်ပါးသည်။ တစ်ကမ္ဘာလုံး အသက်အရွယ်ကြီးရင့်နေပြီး ဆံပင်ဖြူနေချိန်တွင် အိန္ဒိယသည် ၎င်း၏ စားသုံးမှုနှင့် ထုတ်လုပ်မှုကို ပေါင်းထည့်ကာ ၎င်း၏စီးပွားရေး တိုးတက်မှုကို မြင့်မားသော နေရာအသစ်များသို့ မြှင့်တင်ပေးမည့် ၎င်း၏ လူငယ်လူဦးရေကို မျှော်လင့်ထားသည်။ အိန္ဒိယနိုင်ငံသည် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြားရှိ လူဦးရေ သန်း ၆၀၀ ကျော် နေထိုင်သည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေစာရင်းဝေစုသည် အနည်းဆုံး ၂၀၅၅-၅၆ ခုနှစ်အထိ ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ရပြီး အလုပ်လုပ်နိုင်သော အသက်အရွယ်(၂၀-၅၉)နှစ်များ၏ လူဦးရေဝေစုသည် ၅၉ ရာခိုင်နှုန်းထိရှိချိန်ဖြစ်သည့် ၂၀၄၁ ခုနှစ် ဝန်းကျင်တွင် အထွတ်အထိပ်သို့ ရောက်ရှိသွားမည် ဖြစ်သည်။ ဤသည်မှာ အိန္ဒိယနိုင်ငံမှ အပြည့်အဝအသုံးချရန် သန္နိဋ္ဌာန်ချထားသော အခွင့်အလမ်းတစ်ခု ဖြစ်သည်။

ကမ္ဘာ့ကုန်ထုတ်လုပ်မှု ဗဟိုချက်ဖြစ်လာရန်နှင့် နည်းပညာခေါင်းဆောင်တစ်ဦးဖြစ်လာရန် အိန္ဒိယ၏ ရည်မှန်းချက်များသည် ၎င်း၏ လုပ်သားများအတွက် ကျွမ်းကျင်မှုမြင့်မားရေးနှင့် နီးကပ်စွာဆက်စပ်နေသည်။ Skill India အစီအစဉ်မှ နှစ်စဉ် လူငယ် ၁၀ သန်းနီးပါး အကျိုးခံစားနေကြရသောကြောင့် တိုးတက်မှုစတင်နေပြီ ဖြစ်သည်။ အိန္ဒိယ၏ အနာဂတ်တိုးတက်မှုအတွက် အမျိုးသမီးများ လုပ်သားအင်အား ပိုမိုဝင်ရောက်လာခြင်းသည် အဓိကအချက်ဖြစ်သည်။ အိန္ဒိယသည် ဤရည်မှန်းချက်ကို အောင်မြင်ရန် ထပ်ကြပ်မကွာ လုပ်ဆောင်နေပါသည်။

နိုင်ငံခြားဆက်ဆံရေးနယ်ပယ်တွင် အိန္ဒိယသည် ရဲရင့်တက်ကြွပြီး ယုံကြည်မှုရှိသော မူဝါဒကို ကျင့်သုံးလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ဆက်ဆံရေးတွင် ၎င်းသည် သမိုင်း၏ တွံ့ဆိုင်းမှုများကို ကျော်လွှားပြီး ယုံကြည်မှု၏ မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ထားသည်။ အမေရိကန်သည် အိန္ဒိယ၏ ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး ခေတ်မီဆန်းပြားသော ကာကွယ်ရေးပစ္စည်းကိရိယာများ ဒုတိယအကြီးဆုံးတင်ပို့သူ ဖြစ်သည်။ အိန္ဒိယနှင့် အမေရိကန်တို့သည် နည်းပညာ၊ ဆိုက်ဘာလုံခြုံရေး၊ စွမ်းအင်၊ ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေး စသည်ဖြင့် လူသားများ၏ ကြိုးပမ်းအားထုတ်မှု နယ်ပယ်အားလုံးကို လွှမ်းခြုံနိုင်သည့် ခိုင်မာသော ဆွေးနွေးမှု ယန္တရား ၆၀ ဝန်းကျင်တွင် ပါဝင်နေသည်။

အိန္ဒိယသည် ယူကရိန်းအပေါ် ရုရှား၏ တိုက်ခိုက်မှုအတွက် တိုက်ရိုက်ဝေဖန်ခြင်း သို့မဟုတ် ရှုတ်ချခြင်းမပြုဘဲ ရုရှားရေနံများ အများအပြားတင်သွင်းခြင်းဖြင့် ရုရှားနှင့် ရေရှည်တည်တံ့ပြီးခိုင်မာသော ဆက်ဆံရေးကို ထိန်းသိမ်းထားသည်။

အိန္ဒိယသည် 'အိမ်နီးချင်း ပထမ' မူဝါဒနှင့် ဗျူဟာမြောက် စိတ်ရှည်သည်းခံမှုတို့ကို လိုက်နာခဲ့ပြီး လိုအပ်သည့်အချိန်နှင့် ၎င်းတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အိမ်နီးချင်းနိုင်ငံများအား အပြန်အလှန်သဘောနှင့်မဟုတ်ဘဲ အကူအညီများကို ရက်ရောစွာ ပံ့ပိုးပေးခဲ့သည်။ ၎င်း၏ Global South ဖွံ့ဖြိုးဆဲနိုင်ငံများကို ထိတွေ့ဆက်ဆံခြင်းသည် အထူးသဖြင့် Covid-19 ကာကွယ်ဆေးများ သန်း ၃၀၀ ကျော် ပေးဝေခဲ့ပြီး အများစုမှာ နိုင်ငံပေါင်း ၁၀၀ အထက်သို့ အခမဲ့ ပံ့ပိုးပေးခြင်းဖြင့် ၎င်း၏အခန်းကဏ္ဍကို ViahwaBandhu' (ကမ္ဘာ့မိတ်ဆွေ)အဖြစ် စံနမူနာပြထားသည်။

အိန္ဒိယ၏ ခိုင်မာသောစီးပွားရေးတိုးတက်မှုနှင့် ၎င်း၏အကျိုးစီးပွားနှင့် နိုင်ငံခြားရေးမူဝါဒကို လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း အခိုင်အမာဆောင်ရွက်ခြင်းသည် ၎င်း၏ ကမ္ဘာ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးပြီး ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရပြီး နှစ်တစ်ရာပြည့်သည့် အချိန်၌ ငြိမ်းချမ်းသာယာပြောပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာရန် ၎င်း၏ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ပြည်သူများအား မျှော်လင့်ချက်နှင့် ယုံကြည်မှုအပြည့်ဖြင့် တွန်းအား ပေးခဲ့သည်။

**Ashok Sajjanhar**

## တစ်နိုင်ငံတစ်ပိုင် ဝါးခြင်းတောင်းရက်လုပ်ခြင်းလုပ်ငန်းဖြင့် မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်မှ မိရိုးဖလာ နှီးဝါးလုပ်ငန်းလုပ်ကိုင်ကြသူများအနေဖြင့် ဝါးထရံ၊ ဝါးဖျာ၊ ဝါးခမောက်၊ ဝါးကုလားထိုင်၊ ဝါးခြင်းတောင်းအမျိုးမျိုး ရက်လုပ်ရောင်းချခြင်းဖြင့် မိသားစု စီးပွားရေး အဆင်ပြေလျက်ရှိသည်။

ဝါးခြင်းတောင်းရက်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် ဝါးကို တောင်တွင်းကြီးမြို့ပေါ်ရှိ ဝါးဆိုင်များမှ အလွယ်တကူ ဝယ်ယူရရှိပြီး ဝါးတစ်လုံးကို ငွေကျပ် ၂၀၀၀ ဝန်းကျင်ခန့် ပေးဝယ်ယူရသည်။ တောင်းရက်လုပ်ပြီးစီးမှုအနေဖြင့် တစ်နေ့လျှင် တောင်းအသေး ၄ လုံး၊ တောင်းအလတ် ၃ လုံး၊ အကြီး ၂ လုံး ရက်လုပ်ပြီးစီးပြီး ပုတ်တစ်လုံးကို တစ်နေ့ကုန်ရက်လုပ်ရသည်။

ဝါးတစ်လုံးကို လိုအပ်သလိုခွဲခြမ်းစိတ်ဖြာ၍ တောင်းရက်လုပ်ရာမှာ တောင်းအသေး ၃ လုံး၊ အလတ် ၂ လုံး၊ အကြီးတစ်လုံး ရရှိပြီး ပုတ်တစ်လုံးရရှိဖို့ ဝါးသုံးလုံးခန့် အသုံးပြုရသည်။ ဈေးနှုန်းအနေဖြင့် တောင်းအသေး တစ်လုံးလျှင် ငွေကျပ် ၅၅၀၀၊ တောင်းအလတ်တစ်လုံးလျှင် ငွေကျပ် ၈၀၀၀၊ တောင်းအကြီးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀၀၊ ပုတ်အသေးတစ်လုံးလျှင် ငွေကျပ် ၂၀၀၀၀ ၊ ပုတ်အလတ်တစ်လုံးလျှင် ငွေကျပ် ၂၂၀၀၀၊ ပုတ်အကြီးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀၀၊ တင်း(၅၀)ဝင်ပုတ်ကြီး (၆၀၀၀၀) ဖြင့် ရက်လုပ်ပေးရကြောင်း ဝါးခြင်းတောင်းရက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်သည့် ဦးနိုင်ဦးထံမှ သိရသည်။



ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ဝါကြိတ်ဖတ်လုပ်ငန်းရှင် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အဓိက အသုံးပြုပြီး ယခုကာလမှာ စပါး သီးနှံပေါ်ချိန်ဖြစ်သည့်အတွက် တောင်းများ၊ ပုတ်များအား အော်ဒါမှာယူမှုများ ဆက်တိုက်ရှိနေပြီး လက်မလည်အောင်ဆောင်ရွက်နေရကြောင်း သိရသည်။**(အပေါ်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

# မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ အုပ်စုဖွဲ့၍ ဆိုင်ကယ်များအကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားခြောက်ဦးအား လုယက်ရာမှရရှိသည့် သက်သေခံဆိုင်ကယ်သုံးစီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၅

မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခြင်း၊ ခါးပြမှု၊ လုယက်မှုနှင့် ဒုစရိုက်မှုများကျူးလွန်ခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေး ရှာဖွေခြင်း၊ ရှောင်တခင် ဧည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့သည့် ပြစ်မှုများမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နေ့၊ ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်လုယက်မှုများ အကြိမ်ကြိမ် ကျူးလွန်ခဲ့သူများ ဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာနေ မင်းထက် ၁၆ နှစ်နှင့် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေသူများ ဖြစ်ကြသော ချမ်းမြေ့အောင်(ခ)ငချမ်း ၁၈ နှစ်၊ အောင်ရဲငြိမ်း(ခ)ဖိုးငယ် ၁၈ နှစ်၊ သန့်စင်(ခ)အောင်သန်းဦး (ခ)အောင်ကျော် ၂၁ နှစ်တို့ လေးဦးအား ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြား၊ ၆၀ လမ်းရှိ Blue Moon ဘီယာဆိုင်၌လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေသူများ ဖြစ်ကြသော အောင်ကိုမင်း ၂၁ နှစ်နှင့် အောင်သူရကျော်(ခ)ကိုချစ် ၁၈ နှစ်တို့နှစ်ဦးအား မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ်(ဆ)ရပ်ကွက် ၁၂၉ လမ်းနှင့် ၁၃၀ လမ်းကြား၊ ၅၄ လမ်းရှိ အအေးဆိုင်၌လည်းကောင်း၊ ၎င်းတို့လုယက်ယူဆောင်ထားသည့် Canda Czi အမျိုးအစားဆိုင်ကယ်တစ်စီး၊ Honda Click 2018-125 အမျိုးအစားဆိုင်ကယ်တစ်စီး၊ Cyclone Yunde-110 အမျိုးအစားဆိုင်ကယ်တစ်စီးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။




မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ အုပ်စုဖွဲ့၍ ဆိုင်ကယ်များ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ (တရားခံဝဲမှယာ)မင်းထက်၊ ချမ်းမြေ့အောင်(ခ)ငချမ်း၊ အောင်ရဲငြိမ်း(ခ) ဖိုးငယ်၊ သန့်စင်(ခ)အောင်သန်းဦး(ခ)အောင်ကျော်၊ အောင်သူရကျော်(ခ)ကိုချစ်၊ အောင်ကိုမင်း တို့အား လုယက်ရာမှရရှိသည့် သက်သေခံဆိုင်ကယ်သုံးစီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

စစ်ဆေး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိတရားခံ မင်းထက်ပါ ခြောက်ဦးတို့သည် မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာ ပြည်သူများထံမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဆိုင်ကယ်လုယက်မှု နှစ်ကြိမ်၊ စက်တင်ဘာလအတွင်း ဆိုင်ကယ်လုယက်မှုလေးကြိမ်၊ အောက်တိုဘာလအတွင်း ဆိုင်ကယ်လုယက်မှုခြောက်ကြိမ်၊ နိုဝင်ဘာလအတွင်း ဆိုင်ကယ်လုယက်မှု လေးကြိမ်၊ ဒီဇင်ဘာလအတွင်း ဆိုင်ကယ်လုယက်မှု တစ်ကြိမ်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဆိုင်ကယ်လုယက်မှုလေးကြိမ် အုပ်စုဖွဲ့၍ ဆိုင်ကယ်လုယက်မှုပေါင်း ၂၁ ကြိမ် ကျူးလွန်ခဲ့ကြကြောင်း ကနဦး ဖော်ထုတ်သိရှိရသည်။

လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ဆိုင်ကယ်များအား ဖမ်းဆီးရန်ကျန် တရားခံများ ဖြစ်ကြသည့် ပြည်ကြီးတံခွန်မြို့နယ်နေ ဇော်ထက်(ခ)ဝက်စုတ် (စိစစ်ဆဲ)နှင့် မြစ်ငယ်မြို့နယ်နေ ကုလားကြီး (စိစစ်ဆဲ)တို့ နှစ်ဦးထံ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ချိန်းဆိုခေါ်ယူ ရောင်းချခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုများမှ သက်သေခံဆိုင်ကယ်များအား သိမ်းဆည်းရမိနိုင်ရေးနှင့် လက်ခံဝယ်ယူသူ ဖမ်းဆီးရန်ကျန်တရားခံ နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ထပ်မံကျူးလွန်ထားသည့် ပြစ်မှုများရှိ၊ မရှိ ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ်ရှိရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများအား အုပ်စုဖွဲ့၍ ဆိုင်ကယ်များ အကြိမ်ကြိမ် လုယက်မှု ကျူးလွန်ခဲ့ကြသူများ ဖြစ်သည့် ဖမ်းဆီးရမိတရားခံ မင်းထက်၊ ချမ်းမြေ့အောင်(ခ) ငချမ်း၊ အောင်ရဲငြိမ်း(ခ)ဖိုးငယ်၊ သန့်စင်(ခ) အောင်သန်းဦး (ခ) အောင်ကျော်၊ အောင်ကိုမင်း၊ အောင်သူရကျော်(ခ) ကိုချစ်တို့ ခြောက်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် ဖမ်းဆီးရန်ကျန် တရားခံများ ဖြစ်ကြသည့် ဇော်ထက်(ခ)ဝက်စုတ်နှင့် ကုလားကြီးတို့ နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့် ရပ်ရွာများအတွင်း အလားတူ ဒုစရိုက်မှုများ မဖြစ်ပွားစေရေးနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှု သတင်းများအား တွေ့ရှိပါက သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်




# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ (၆)ကြိမ်မြောက်ရွေးချယ်တင်မြှောက်ပွဲတွင် ၂၀၂၅ -၂၀၂၇ သက်တမ်းကာလအတွက် ဥက္ကဋ္ဌအဖြစ် ဦးရဲမင်းအောင်ကို ဆက်လက် ရွေးချယ်တင်မြှောက်ခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ရွေးကောက်တင်မြှောက်ပွဲ (၅)ကြိမ် ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံနှင့်အညီ ကဏ္ဍအသီးသီးမှ အထွေထွေညီလာခံ ကိုယ်စားလှယ်များက စီမံခန့်ခွဲရေးကော်မတီ ခေါင်းဆောင်များ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက်အသင်းချုပ်၏ ၂၀၂၂-၂၀၂၄ သက်တမ်းအတွက် ရွေးကောက်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကျင်းပခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးရဲမင်းအောင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးလှမော်မြင့်မောင်တို့အား ရွေးချယ်တင်မြှောက်ခဲ့သည်။

အသင်းချုပ်၏ (၆)ကြိမ်မြောက် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ကျင်းပခဲ့ပြီး ၂၀၂၅ -၂၀၂၇ သက်တမ်းကာလအတွက် ခေါင်းဆောင်အသစ်များကို ရွေးချယ်တင်မြှောက်ခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးရဲမင်းအောင်က ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး အထွေထွေအတွင်းရေးမှူး ဦးလှမော်မြင့်မောင်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ကို အစုအဖွဲ့အဖြစ် ပါဝင်သည့် ဆန်စပါးအထူးပြုကုမ္ပဏီများ ပူးပေါင်းပါဝင်သော ဆန်စပါးစိုက်ပျိုးသည်မှ တင်ပို့ရောင်းချသည်အထိ (Supply Chain) တစ်လျှောက်လုံး ပါဝင်သော စိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲတင်ပို့ရောင်းချသူများ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အချိတ်အဆက်မိစွာ လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်တွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (Myanmar Rice Industry Association-MRIA)ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မန္တလေးနေ့စဉ်-၆)

# အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့် ဆောင်ရွက်

မကွေး ဇန်နဝါရီ ၂၅

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၂၅ ခုနှစ်ဧပြီလ ၁ ရက်မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ အရပ်ရပ် အခွင့်အရေးလုပ်ငန်းလိုင်စင် ၂၇ခု အား သက်တမ်းတိုးစနစ်ဖြင့် ဆောင်ရွက်ပြီးဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သိရသည်။

အဆိုပါသက်တမ်းတိုးစနစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းလိုင်စင် ၂၇ ခုမှာ မြို့မအမဲလိုင်စင်နှင့် ကျေးလက်အမဲလိုင်စင် ၁၀ ခု၊ ၁၉၃၅ ဒသမ ၀၄ သိန်း၊ မြို့နယ်ဝက်ခုံလိုင်စင် ၃ ခုံ၊ ၆၄၃ ဒသမ ၁၁ သိန်း၊ ဆိတ်သားလိုင်စင် ၂ ခုံ၊ ၃၁၉သိန်း၊ အပေါင်ဆိုင်လိုင်စင် ၃ ခု၊ ၁၄၆ ဒသမ ၁၂ သိန်း၊ ကူးတို့လိုင်စင် ၄ ခု ၁၂၃ ဒသမ ၀၇ သိန်း၊ ဈေးကောက်လိုင်စင် ၃ ခု၊ ၁၄၈ ဒသမ ၈၉ သိန်း၊ ဈေးအိမ်သာကောက်နှင့် ဆိုင်ကယ်ကောက်အပ်နှံခွင့်လိုင်စင် ၂ ခု၊ ၁၁၀ ဒသမ ၈၈ သိန်း ဖြစ်ပြီး စုစုပေါင်းလိုင်စင် ၂၇ ခု အတွက် လိုင်စင်ကြေးငွေ ၃၄၂၆ ဒသမ ၁၁သိန်းရရှိကြောင်း ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သိရသည်။

၎င်းအပြင် ကျန်ရှိသည့် လုပ်ငန်းလိုင်စင်များဖြစ်သည့် လမ်းဘေးဈေးကောက်၊ ဆိပ်ကမ်းကောက်၊ ကျွဲ၊ နွားပွဲဈေးကောက် လိုင်စင် ၃ ခုကို ယခုလ ၂၇ရက်တွင်(ဈေးပြိုင်စနစ်)ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

(၄၇၂)

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| မာယော့ကာ | ၀ | - | ၁ | ဘက်တစ် |
| အက်သလက်တီကို | ၁ | - | ၁ | ဗီလာရီးရဲလ် |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လီဗာပူး | ၄ | - | ၁ | အစ်ဆွစ်ချ် |
| ဘုန်းမောက် | ၅ | - | ၀ | နော်တင်ဟမ် |
| ဘရိုက်တန် | ၀ | - | ၁ | အဲဗာတန် |
| ဆောက်သမ်တန် | ၁ | - | ၃ | နယူးကာဆယ် |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ကိုမို | ၁ | - | ၂ | အတ္တလန်တာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လိုက်ပဇစ် | ၂ | - | ၂ | လေဗာကူဆင် |
| ဒေါ့မွန် | ၂ | - | ၂ | ဝါဒါဘရီမင် |
| ဖရိုင်းဘတ် | ၁ | - | ၂ | ဘိုင်ယန်မြူးနစ် |
| အော့ဘတ် | ၂ | - | ၁ | ဟိုင်ဒင်ဟိမ်း |
| မိန့်ဇ် | ၂ | - | ၀ | စတုဂတ် |


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## အများသူငှာ လုပ်ဆောင်နိုင်ရန်ခက်ခဲလှသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်နှင့် မိမိကိုယ်ကို ဂုဏ်ယူတတ်ရန်လို

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

### ရှင်းလင်းပြောကြား

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု၊ နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အုပ်ချုပ်ပုံနည်းစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပြည်သူတစ်ရပ်လုံးကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး တပ်မတော်မှ ဖော်ဆောင်ပေးခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်တွင်ဖြစ်ပေါ် လျက်ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှုတို့ကို ဦးစွာ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မည်သည့် တပ်ဖွဲ့၊ မည်သည့်နေရာတွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ရေးသတိ၊ စစ်ရေးအသိ၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ဖြင့် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများမှ သင်ကြားပေးလိုက်သည့် စစ်အတတ် ပညာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိထိရောက်အောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ သင်ကြားပေးထားသည့် အတတ်ပညာများကို လက်တွေ့အသုံးချနိုင်ရန်အတွက် အမြဲမပြတ် လေ့ကျင့်နေရမည်ဖြစ်ပြီး အသက်အရွယ်နှင့် ညီမျှသည့် ကျန်းမာကြံ့ခိုင်မှုများနှင့် သန်စွမ်းမှုများရှိနေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်လာပါက မိမိတို့၏ တာဝန်များကို ရဲရဲဝံ့ဝံ့ဖြင့် ထမ်းဆောင်နိုင်ရမည် ဖြစ်ပြီး လုပ်ရဲကိုင်ရဲသည့် စိတ်များနှင့် လုပ်ချင်ကိုင်ချင်စိတ်များ ရှိရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်း ကိုင်တွယ်အသုံးပြုရသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း။

### မိမိကိုယ်ကို ဂုဏ်ယူတတ်ရန်လို

တပ်မတော်သားများအနေဖြင့် မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်လိုသည့် စိတ်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများ ဖြစ်သဖြင့် မိမိတို့၏ စစ်သားဘဝကို ခံ့မင်မြတ်နိုးတန်ဖိုးထားရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကို ခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြသဖြင့် အများသူငှာ လုပ်ဆောင်နိုင်ရန် ခက်ခဲလှသည့် တပ်မတော်သား ဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်နှင့် မိမိကိုယ်ကို ဂုဏ်ယူတတ်ရန် လိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင် ဖြစ်ကြောင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လုပ်ဆောင်ရမည့်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို တစ်ဦးချင်းစီအလိုက်၊ အဖွဲ့အလိုက် မှန်မှန်ကန်ကန် လုပ်ဆောင်စေရေးအတွက်လည်း ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ လေ့ကျင့်ရေးနှင့် ပတ်သက်၍ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် မူဝါဒနှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်စေရေး အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ မည်သည့် လုပ်ငန်းရပ်ကို တာဝန်ထမ်းဆောင်သည်ဖြစ်စေ လေ့လာမှုမရှိပါက **သူတစ်ပါး၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်သဖြင့်** မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အမြဲမပြတ်လေ့လာအားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့် ပတ်သက်လာပါက "ချွေးထွက်များမှ သွေးထွက်နည်းမည်" ဖြစ်သဖြင့် စစ်သားကောင်း တစ်ယောက်ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းကို အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်း ဆိုင်ရာများနှင့်ပတ်သက်၍ ညီညွတ်မျှတသည့် အုပ်ချုပ်ကွပ်ကဲမှုပုံစံ ရှိရမည်ဖြစ်ပြီး လူတို့၏သဘောသဘာဝကို သိရှိခြင်းဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဦးဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ ကျောရိုးသည် စည်းကမ်းဖြစ်ပြီး စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်၊ မဖြစ်ထိုက်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တိုင်း တစ်ဦးချင်း စစ်စည်းကမ်း ကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှုညီညွတ်မျှတကောင်းမွန်ရေးကိုအလေးထားလိုက်နာ ဆောင်ရွက်သွားရန်လိုကြောင်း။ **စာမျက်နှာ ၆ သို့** ★

## ယနေ့အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **လှိုင်းအမြင့်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်ပြင်တောင်ပိုင်းနှင့်ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ